# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်ဖြင့် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 3 September 2020 ၁၀၁၂၄


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# ကိုဗစ်ကို အောင်မြင်စွာထိန်းချုပ်ထားနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ် တစ်ဦးချင်းတစ်ဦးချင်းသည် မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ရမည်





Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဒေါက်တာသက်စုမွန်တို့နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂

Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်တို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

- ❖ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအပြင် ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ထား
- ❖ စည်းမျဉ်းစည်းကမ်းများအရ အရေးယူမည်ဖြစ်ပြီး ပိုမိုတင်းကျပ်သည့် သဘာဝဘေးအန္တရာယ်ဥပဒေဖြင့် အရေးယူမည်ကိုလည်း အများသိရှိစေရန် ပြောကြားထား
- ❖ ကိုဗစ်ရောဂါနှင့်ပတ်သက်ပြီး မိမိတို့ စည်းကမ်းရှိစွာဖြင့် ဆက်လက်ရင်ဆိုင်နိုင်ပါက ကြာရှည်စွာ ခံစားရမည်မဟုတ်
- ❖ စည်းမဲ့ကမ်းမဲ့ဖြစ်ပြီး ပြန့်ပွားသွားပါက ကြာသင့်သည်ထက် ပိုမိုကြာသွားမည်

ကြေးမုံ ယနေ့ ဖတ်စရာ

JICA ထံမှ ချေးငွေ ဂျပန်ယန်း ဘီလီယံ ၃၀ ရယူရေးဆိုင်ရာ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်တို့အား လက်မှတ်ရေးထိုး စာမျက်နှာ » ၆

ထိုင်းနိုင်ငံ၌ ရက် ၁၀၀ ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု မရှိ စာမျက်နှာ » ၁၃


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အမိန့်စည်းကမ်းများကို အလေးထားလိုက်နာ

မြန်မာနိုင်ငံတွင် ဩဂုတ်လ ၃၁ ရက် ညပိုင်းနှင့် စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်း နောက်ဆုံးခတ်ခွဲစစ်ဆေးချက်များအရ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေ ၁၀၀ ပေါ်ထွက်ခဲ့ပြီး အတည်ပြုလူနာ စံချိန်ကျိုးခဲ့ပါသည်။ ထို ၁၀၀ ထဲတွင် ၁၈ ဦးသည် ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်နှင့် ပြည်ပခရီးသွား ရာဇဝင်မရှိသူများ၊ ပိုးတွေ့အတည်ပြုလူနာနှင့် ထိတွေ့မှုမရှိသူများ ဖြစ်နေသည်။

ယင်းဖြစ်စဉ်ကိုကြည့်လျှင် ပြင်ပတွင် သွားလာလုပ်ကိုင်ရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာလိုက်နာရမည့်အချက်များကို လိုက်နာရန်အားနည်းမှုရှိနေသည်မှာ ပေါ်လွင်နေသည်။ အပြင်ထွက်ရာတွင် ပေါ့ပေါ့ဆဆနေထိုင်သွားလာသူများ ရှိသောကြောင့် ပြည်သူလူထုအတွင်း လူအချင်းချင်း လူမသိသူမသိ ရောဂါကူးစက်မှု ဖြစ်လာသည်ဟုဆိုရမည်။ ယင်းအချက်သည် အလွန်အန္တရာယ်များသော အခြေအနေဖြစ်ပြီး ရောဂါကူးစက်မှုများ နေ့စဉ်တိုး၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးနောက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက အမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးချက်များ အသီးသီး ထုတ်ပြန် ဆောင်ရွက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီး ဧပြီလအစောပိုင်း ပိုးတွေ့လူနာ ဆယ်ဂဏန်းမျှရှိစဉ်တွင်ပင် အမိန့်၊ ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်းများသာမက Stay at Home အစီအစဉ်များနှင့်ပါ ဖိဖိစီးစီး ဆောင်ရွက်ခဲ့သည်။

ထိုသို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုပူးပေါင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအား တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြရာ မေလလယ်ခန့်တွင် အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ခဲ့သဖြင့် နိုင်ငံအတွင်းရှိ Stay at Home သတ်မှတ်ထားသည့် မြို့နယ်အချို့တို့အား ဖြေလျှော့ခြင်းအပါအဝင် ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို တစ်ဆင့်ချင်း ဖြေလျှော့ပေးခဲ့သည်။ ဖြေလျှော့ပေးခဲ့သော်လည်း ပေါ့ပေါ့ဆဆမနေဘဲ ကျန်းမာရေးသတိဖြင့် တိကျစွာလိုက်နာဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူသို့ အသိပေးပန်ကြားခဲ့သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်လျက်ရှိသော်လည်း ခတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိနေမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် အတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိသည့်လူနာများတွေ့ရှိမှု များပြားလာသောကြောင့် ရောဂါကူးစက်ပျံ့နှံ့နေမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန် စစ်တွေမြို့ကို Stay at Home အစီအစဉ်သတ်မှတ်ခဲ့ရပြီး စက်တင်ဘာလ ၂ ရက်နေ့မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ခုနစ်မြို့နယ်တွင် နေထိုင်ကြသော ပြည်သူများ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ထပ်မံအသိပေးထုတ်ပြန်ခဲ့သည်။

ပြည်သူများ ရောဂါဘေး မကြုံတွေ့ရစေရေးနှင့် လူမှုစီးပွားအခက်အခဲများ မရှိစေရေးအတွက် ရောဂါဖြစ်ပေါ်မှုအခြေအနေအပေါ်မူတည်၍ ဖြေလျှော့ပေးမှုများ ပြုလုပ်ပေးခဲ့သော်လည်း ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာရေးတွင် အားနည်းမှုများ ရှိလာသောကြောင့် ရောဂါဖြစ်ပွားမှုတိုးတက်လာခြင်းဖြစ်ရာ ယခုကဲ့သို့ Stay at Home အစီအစဉ်များ ထုတ်ပြန်ကာ ဖိဖိစီးစီး ပြန်လည်ဆောင်ရွက်လာရခြင်းဖြစ်သည်။

သို့ဖြစ်ရာ Stay at Home အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်သာ နေထိုင်ရန်(တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊ မဖြစ်မနေဈေးဝယ်ထွက်လျှင် တစ်ဦးသာ သွားရောက်ရန်၊ ဆေးရုံ၊ ဆေးခန်း သွားရန်ရှိလျှင် တစ်အိမ်လျှင် နှစ်ဦးသာသွားရန်၊ နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်၊ နှာခေါင်းစည်းတပ်ရန်၊ တာဝန်ထမ်းဆောင်မည့်ယာဉ်နှင့် ဖြတ်သန်းခွင့်ပြုယာဉ်သာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊ ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင်တစ်ဦး၊ ကျန်းမာရေးအတွက် ယာဉ်မောင်းအပြင် နှစ်ဦးသာသွားရောက်ရန် စည်းကမ်းများကိုလိုက်နာရမည်ဖြစ်သည်။ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်သည်ကို သတိချပ်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နေပြည်တော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။



### ပို့ဆောင်နှုတ်ဆက်

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ အများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါး စိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့်အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ် လျာထားမိုးစပါးစိုက်ဧကများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ်လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများ အဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၂၀၀ | ၁,၉၈၀,၀၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၅၀ | ၅,၂၅၉ | ၁၈,၉၃၃,၆၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၀၀ | ၇၉၀,၀၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၅၁ | ၁,၀၄၆,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၈ | ၂၁,၆၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁ | ၃,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂

ရန်ကုန်(ရွှေဈေး) ၁၃၁၂၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၅/၆၀၀ ကျပ် | ၆၀၀/၆၁၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၅/၅၉၀ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၃၅/၆၅၀ ကျပ် | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၀၅/၅၄၀ ကျပ် | ၅၆၅/၅၇၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၀/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၈.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၃.၈၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၃၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၉၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၁.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၁.၅၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၄၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဒေါက်တာသက်စုမွန်တို့နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးစဉ်။

❁ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ကိုဗစ်ရောဂါ ကူးစက်ခံရသည်ဟု မှန်းဆရသည့်သူများ၏ အဆက်အသွယ်ကို လိုက်လံရှာဖွေခြင်းနှင့်ပတ်သက်ပြီး ယနေ့ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပြန့်ပွားသွားနိုင်သည့် အခြေအနေရှိသည့်အတွက် မည်မျှအရေးကြီးသည်ကို အများပြည်သူသိရှိရန် လိုအပ်ပါကြောင်း၊ ယခုကိစ္စသည် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဆက်အသွယ်များကို လိုက်လံရှာဖွေရသည်မှာ မည်မျှခက်ခဲပြီး ငွေအား၊ လူအားနှင့် အချိန်အား မည်မျှ သုံးရသည်ကို ပြည်သူများနားလည်စေလိုပါကြောင်း၊ နောက်ဆုံးကိန်းဂဏန်းအရ ရန်ကုန်မြို့တွင် ပြန့်ပွားမှု ပိုမိုများပြားနေပါကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေ များပြားပါကြောင်း၊ ထို့ပြင် ရန်ကုန်တွင် နေထိုင်ကြသူများသည် ယခု သုံးလ၊ လေးလအတွင်း ပေါ့ဆလာကြပြီး စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု အားနည်းလာကြပါကြောင်း။

## များစွာခက်ခဲသွားမည်

သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအပြင် ညွှန်ကြားချက်များ ထပ်မံ ထုတ်ပြန်ထားပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများအရ အရေးယူမည်ဖြစ်ပြီး ပိုမိုတင်းကျပ်သည့် သဘာဝဘေးအန္တရာယ်ဥပဒေဖြင့် အရေးယူမည်ကိုလည်း အများသိရှိစေရန် ပြောကြားထားပါကြောင်း၊ ယခုကဲ့သို့ တင်းတင်းကျပ်ကျပ် အရေးယူမည်ကို အချို့က မကြိုက်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် အရေးယူရန် လိုအပ်သည်ကို နားလည်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ နေရာမျိုးတွင် ရောဂါပြန့်ပွားသွားပြီဆိုပါက အားလုံးကို ပြည့်ဝစွာ ကုသမှုပေးရန် များစွာခက်ခဲသွားမည်ဖြစ်ပါကြောင်း။

COVID နှင့် ရင်ဆိုင်နေရသည်မှာ နှစ်ဝက်ခန့်ရှိပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် သေသေချာချာ ထိန်းသိမ်းနိုင်ပါက ကိုဗစ်အန္တရာယ်ကို ကျော်လွှားနိုင်မည်ဟု မှန်းဆနိုင်ပါကြောင်း၊ ကာကွယ်ဆေးကို တချို့နိုင်ငံများတွင် စတင်ထုတ်နိုင်ပြီဆိုသည့် သတင်းများ ထွက်နေပြီဖြစ်ပါကြောင်း၊ မည်မျှအထိ သေချာသည်ကို ပြော၍မရသေးပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သေချာစွာ စိစစ်ပြီးမှ သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်ရောဂါနှင့်ပတ်သက်ပြီး မိမိတို့ စည်းကမ်းရှိစွာဖြင့် ဆက်လက်ရင်ဆိုင်နိုင်ပါက ကြာရှည်စွာ ခံစားရမည်မဟုတ်ပါကြောင်း၊ စည်းမဲ့ကမ်းမဲ့ဖြစ်ပြီး ပြန့်ပွားသွားပါက ကြာသင့်သည်ထက် ပိုမိုကြာသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်က COVID–19 ရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားလာခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံကို ရောဂါဖြစ်ပွားမှုမှ အတတ်နိုင်ဆုံးကာကွယ်နိုင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီများ၏ လမ်းညွှန်မှုများအတိုင်း ဆောင်ရွက်နေပါကြောင်း။

ယမန်နေ့ညနှင့် ယနေ့မနက်ပိုင်း ထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးတွင် Positive Case ၃၄ ဦးတွေ့ပါကြောင်း၊ ၃၄ ဦးထဲတွင် ဆေးရုံ၌ ကုသမှုခံယူရင်း ကိုဗစ် –၁၉ ရောဂါ အတည်ပြုနိုင်သူ ၁၁ ဦးပါဝင်ပါကြောင်း၊ ကူးစက်ခံရသူ၏မိသားစုများသည် ရပ်ကွက်၊ နေအိမ်များတွင်သာ ရှိနေကြပါကြောင်း၊ ဆေးရုံတွင် Contact Tracing Team ဖွဲ့ထားပြီး ဆရာဝန်များက မိသားစုဝင်များထံ ဖုန်းဆက်သွယ်ပြီး ရောဂါကူးစက်ခံရမှုနှင့် ရောဂါအကြောင်းကို ရှင်းပြပါကြောင်း၊ ကူးစက်ရောဂါဖြစ်သည့်အတွက် အနီးကပ်ထိတွေ့သူများ၊ မိသားစုဝင်များတွင် ရောဂါကူးစက်ခံရနိုင်ပြီး ရောဂါပိုး ရှိနိုင်ကြောင်းကို ရှင်းပြပြီး မိသားစုများ၏ အမည်နှင့် လူစာရင်းကို ကောက်ယူမှတ်သားပါကြောင်း၊ ယခုရောဂါသည် မြန်မြန်တွေ့ရှိပါက မြန်မြန်ကုသနိုင်ပြီး အမြန်ပျောက်ကင်းနိုင်ကြောင်းနှင့် ပတ်ဝန်းကျင်ကို မကူးစက်နိုင်ကြောင်း၊ ကျန်းမာရေးဌာနက လာခေါ်ပြီး စစ်ဆေးလျှင် လက်ခံပေးရန် ရှင်းပြပါကြောင်း။

Quarantine တွင် Primary Contact ကို Risk Level ခွဲပါကြောင်း၊ Level ခွဲပြီးချိန်တွင် အမှန်တကယ် မိမိတို့အိမ်တွင် အတူနေ၊ အတူသွား၊ အတူစား နေထိုင်ခဲ့သည့် Primary Contact များကို Quarantine ဝင်ရန် လုပ်ဆောင်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးထားသည့် Quarantine Centre များတွင် သွားရောက်နေထိုင်ပေးရန်နှင့် နေထိုင်နေစဉ်အတွင်း ဓာတ်ခွဲစစ်ဆေးပေးရန် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများပါဝင်သည့် ကိုဗစ်ကော်မတီများနှင့်ချိတ်ဆက်ပေးပါကြောင်း၊ အိမ်တွင်နေထိုင်သည့် Contact များကို Quarantine Centre ကို ပို့ရာတွင် ပရဟိတ သူနာပြုယာဉ်များကို အသုံးပြုပါကြောင်း၊ ယင်းနေရာတွင် စေတနာ့ဝန်ထမ်းများ၏ ကူညီဆောင်ရွက်

> ❂ **သတင်းအမှန်များ ရရှိအောင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်** Stop COVID-19 Application **ကို လုပ်ဆောင်ထား**
>
> ❂ **ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် နောက်ဆုံးသတင်းများ၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်သတင်းများ၊ သိသင့်သိထိုက်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် တင်ပြပေးလျက်ရှိသည့်** Application **တစ်ခုဖြစ်**

ပေးမှုများမှာ အရေးပါထိရောက်ပါကြောင်း၊ ယခုနှစ်ရက်အတွင်း လူနာအမှတ်စဉ်တစ်ခုမှ Contact များ ရှာဖွေရာတွင် Quarantine ထဲရောက်နေသူများထဲမှ ၂၅ ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့ပြီး Quarantine ထားနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၅ ဦးမှ ရောဂါဆက်လက်ပြန့်ပွားမှုကို အချိန်မီ ကာကွယ်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း။

မိသားစုဝင်များအား ဆက်သွယ်ရာတွင် ဖုန်းဆက်မရသည့် အခက်အခဲမျိုး ရှိပါကြောင်း၊ တစ်ခါတစ်ရံ ဖုန်းဆက်သွယ်ပြောရာတွင် မယုံကြည်ခြင်းများ ရှိပါကြောင်း၊ Video Call ဖွင့်၍ ယုံကြည်လာအောင် မိမိတို့၏ ပုံကိုပြရခြင်းမျိုး ရှိပါကြောင်း၊ ကာယကံရှင်များအနေဖြင့် ပတ်ဝန်းကျင်မှ ခွဲခြားဆက်ဆံခြင်းခံရမည်ကို စိုးရိမ်မှုများ ရှိကြပါကြောင်း၊ မေ ၁၇ ရက်နောက်ပိုင်းတွင် ရန်ကုန်၌ ဒေသတွင်းကူးစက်မှုမရှိတော့ဘဲ Flight Returnees, Border Returnees များ ထဲမှသာ တွေ့နေရသဖြင့် team တွင်ရှိသည့် ဆရာဝန်များနှင့် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ရခိုင်တွင် ဩဂုတ်လ ဒုတိယပတ်၊ တတိယပတ်တွင် စတင်တွေ့ရှိပြီးနောက် ရန်ကုန်တွင် ရောဂါပိုးတွေ့ရှိမှု များလာသည့်အတွက် ဆရာဝန် အများအပြား လိုအပ်လာပြီး ခရိုင်မှ ဆရာဝန်များကိုပါ အဆိုင်းများခွဲကာ တာဝန်ပေးအပ်ခဲ့ရပါကြောင်း၊ Quarantine Centre များပြားလာသည့်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ဝိုင်းဝန်းကူညီလုပ်ဆောင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မိမိအနေဖြင့် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်နေပါကြောင်း၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအပြင် Contact Tracing လိုက်သည့်လုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများနှင့် အခြားအုပ်ချုပ်မှုလုပ်ငန်းများအားလုံးကို ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း၊ ကော်မတီရုံးအဖွဲ့ကို မိမိဦးစီး၍ ပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုမှ ညွှန်ကြားရေးမှူးများ အပါအဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ မိမိတို့တွင် တာဝန် ၁၁ ရပ်ရှိပါကြောင်း၊ ယင်းတာဝန်များအတွက် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းပြီး ၂၄ နာရီပတ်လုံး နေ့ဆိုင်း၊ ညဆိုင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့်ကာလတွင် ပုံမှန်ဝင်ငွေမရရှိသည့် မိသားစုများကို ရိက္ခာငါးမျိုး ထောက်ပံ့ခဲ့ခြင်းများ ရှိပါကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် နေ့စဉ် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးပြီး အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပါကြောင်း။

## စောင့်ကြပ်ကြည့်ရှုလျက်ရှိ

ကိုဗစ်–၁၉ ဖြစ်ပွားနေသည့်ကာလတွင် အများအသုံးပြုလျက်ရှိသည့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများဖြန့်ဝေပြီး လူထု အထိတ်တလန့်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ မလိုလားအပ်ဘဲ လူစုလူဝေးဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း၊ အချို့နေရာများနှင့် ရပ်ကွက်များ၌ ရောဂါရှိနေသူ ရောက်ရှိနေပြီဆိုသည့် သတင်းများဖြန့်ဝေခြင်း၊ မည်သည့်နေရာတွင် ဆန်၊ ဆီ၊ ဆားများ ဖြန့်ဝေပေးနေပြီး သွားရောက်ယူကြပါဆိုသည့်အတွက် မလိုလားအပ်ဘဲ လူစုလူဝေးများ ဖြစ်ပေါ်ခြင်းများရှိပါကြောင်း၊ ရောဂါကြောင့် စိုးရိမ်သောကရှိနေသည့် အချိန်တွင် မလိုလားအပ်ဘဲ စိုးရိမ်သောကများ၊ ကြောက်လန့်မှုများ ပိုမိုလာအောင် အဖျက်အမှောင့်လုပ်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ နည်းပညာဌာနက အမြဲစောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း။

အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှစ်လပိုင်းအထိ Website ငါးခု၊ Page ၁၅ ခု၊ Group သုံးခုနှင့် account ၃၅ ခု စုစုပေါင်း ၅၈ ခုကို ပယ်ဖျက်ခဲ့ပါကြောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့်လည်း အရေးယူထားပါကြောင်း၊ သတင်းအမှန်များရရှိအောင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် Stop COVID–19 Application ကို လုပ်ဆောင်ထားပါကြောင်း၊ ယင်း Application နှင့်ပတ်သက်၍ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီး စတင်ထုတ်လွှင့်သည့်အချိန်တွင် အသုံးပြုသူ သုံးသောင်းရှိပြီး ယခုအချိန်တွင် ခုနစ်သိန်းအထိ အသုံးပြုလျက်ရှိပါကြောင်း၊ ယင်း Application ၏ အဓိကအချက်မှာ သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် နောက်ဆုံးသတင်းများ၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်သတင်းများ၊ သိသင့်သိထိုက်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် တင်ပြပေးလျက်ရှိသည့် Application တစ်ခုဖြစ်ပါကြောင်း။

မိမိတို့၏ အတွင်းရေးမှူးရုံးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းက Hot Line ဖုန်းနှစ်လုံး တပ်ဆင်ခဲ့ပါကြောင်း၊ Hot Line ဖုန်း တပ်ဆင်ရသည့်အကြောင်းရင်းသည် ပြည်သူများတွင် မည်သည့်အခက်အခဲရှိသည်၊ မည်သည့်ဥပဒေရေးရာ ဖောက်ဖျက်ကျူးလွန်မှုများ ခံစားနေရသည်ကို သိရှိလိုခြင်းဖြစ်ပါကြောင်း၊ ၂၄ နာရီ နေ့၊ ည တာဝန်ပေး၍ သတင်းရယူလျက်ရှိပါကြောင်း၊ ပေးပို့လာသည့် သတင်းများကို သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အများဆုံးပေးပို့သည့် သတင်းများမှာ

စာမျက်နှာ ၄ သို့ ❁

❁ စာမျက်နှာ ၃ မှ

မည်သည့်နေရာတွင် ပြည်ပမှပြန်လာသူ သတင်းမပို့ဘဲ ရောက်ရှိနေသည်၊ မည်သည့်နေရာတွင် တရားဝင်ခွင့်ပြုချက်မရဘဲ ဝိုင်းကျူရှင်ဖွင့်လှစ်နေသည်၊ KTV ဖွင့်လှစ်နေသည် စသည့်သတင်းများ ဖြစ်ပါကြောင်း၊ ထိုသို့ရရှိခြင်းကြောင့် တရားဥပဒေစိုးမိုးရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်နိုင်သည့်အပိုင်းများရှိပါကြောင်း၊ ထို့ကြောင့် Hot Line ဖုန်းနှစ်လုံး ဖွင့်လှစ်ထားခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုပါကြောင်း။

ဗဟိုကော်မတီမှ ညွှန်ကြားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူက တိတိကျကျလိုက်နာရန် လိုအပ်ပါကြောင်း၊ ယင်းမှာ တရားဥပဒေစိုးမိုးရေးအတွက် များစွာအထောက်အကူပြုပေးသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် သတင်းတပ်ဖွဲ့များ၏ အကူအညီကို ထိထိရောက်ရောက်ရယူပြီး သတင်းအချက်အလက်များစုဆောင်းပါကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ လိုက်နာမှု ရှိ၊ မရှိ၊ ဈေးများအတွင်း သွားလာလှုပ်ရှားမှုများ၊ စားသောက်ဆိုင်များတွင် ထုတ်ပြန်ထားသည်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ ကျောင်းများဖွင့်သည့်အချိန်တွင် ကျောင်းသားမိဘများနှင့် ကျောင်းသူ ကျောင်းသားများ ကျောင်းတက်လာသည့် အနေအထားများ၊ ဘတ်စ်ကား စနစ်တကျစီးနင်းမှု ရှိ၊ မရှိ စသည်တို့ကို သတင်းရယူကာ အမျိုးသားအဆင့်ဗဟိုကော်မတီကို ပြုစုတင်ပြပါကြောင်း၊ ထို့ပြင် အဓိကလက်တွေ့ဆောင်ရွက်ရမည့် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများကို မည်သည့်နေရာ၊ မည့်သည်ရပ်ကွက်တွင် mask တပ်ခြင်းများမရှိကြောင်း၊ Social Distancing လိုက်နာခြင်းမရှိကြောင်းကို ဓာတ်ပုံများနှင့်တကွ ချပြ၍ သွားရောက်ကြပ်မတ်ရန် အမြဲမပြတ် ညွှန်ကြားခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများက ယင်းနေရာများသို့ ချက်ချင်းသွားရောက် ကြပ်မတ်ခဲ့ခြင်းများရှိသည့်အတွက် တရားဥပဒေအရ ထိန်းချုပ်နိုင်ခြင်းများ ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် Contact Tracing လိုက်သည့်နေရာတွင် များစွာထိရောက် အရေးပါပါကြောင်း၊ ရောဂါဖြစ်ပွားမှုအပိုင်းကိုကြည့်ပါက နေရပ်ပြန်များတွင် ဖြစ်ပွားသည်ကို အများဆုံးတွေ့ရှိရပါကြောင်း၊ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာပြီး ရောဂါကူးစက်မှုအပိုင်းနှင့် နယ်စပ်ဒေသမှ ပြန်လည်ဝင်ရောက်လာပြီး ရောဂါကူးစက်မှုအပိုင်းတို့ရှိပါကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ စနစ်တကျဆောင်ရွက်ခြင်းများရှိပြီး တချို့တွင် စနစ်တကျ မဆောင်ရွက်နိုင်ခြင်းများ ရှိပါကြောင်း။

**ထိထိရောက်ရောက်**

စနစ်တကျ ဆောင်ရွက်နိုင်သည့်အပိုင်းမှာ ပြည်ပက ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဒေသများတွင် စနစ်တကျ လက်ခံရေးအဖွဲ့များ ဖွဲ့စည်း၍ လက်ခံပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဝင်ရောက်လာသူတိုင်းကို မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပြီး ကိုယ်ရေးရာဇဝင်များ ကောက်ယူပါကြောင်း၊ Contact Tracing စုံစမ်းသည့်အခါတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ထိုသို့ ပြန်ဝင်ရောက်လာသူများသည် နယ်စပ်ဒေသတွင် Quarantine ဝင်ရန် သို့မဟုတ် သက်ဆိုင်ရာဒေသသို့ ရောက်ရှိသွားရန် လိုအပ်ပါကြောင်း၊ ၎င်းတို့ကို လက်ခံရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်က တာဝန်ရှိသူများအနေဖြင့် နယ်စပ်တွင် သွားရောက်စောင့်ဆိုင်းရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိပြီး Quarantine တစ်ခါတည်း ဝင်ရောက်မည်ဆိုပါက ရောဂါဖြစ်ပွားမှုရှိခဲ့လျှင်လည်း Contact Tracing လိုက်ရန် အခက်အခဲမရှိနိုင်ပါကြောင်း။

စနစ်တကျ မဆောင်ရွက်နိုင်သည့်အပိုင်းမှာ မိမိအစီအစဉ်ဖြင့် ဝင်ရောက်လာခြင်း၊ ခိုးပေါက်များမှ ဝင်ရောက်လာခြင်းများ ရှိပါကြောင်း၊ ထိုသို့ ဝင်ရောက်လာပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်း နေထိုင်ကြပါကြောင်း၊ ယင်းအပိုင်းတွင် မိမိတို့အနေဖြင့် Contact Tracing စုံစမ်းရန် များစွာခက်ခဲပါကြောင်း၊ မည်သူတို့နှင့် ထိတွေ့ဆက်ဆံခဲ့ပြီး မည်သည့်နေရာများ ရောက်ရှိခဲ့သည်ကို သိရှိရန် ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်ရသည့် အပိုင်းများရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန၏ ရဲလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးအပြင် Contact Tracing လုပ်သည့်အပိုင်းတွင် ရဲလုပ်ငန်းစနစ်နှင့် များစွာထိရောက်ဆက်စပ်မှုရှိသည့်အတွက် အကျိုးသက်ရောက်မှုရှိပါကြောင်း၊ အမိန့်နှင့် ညွှန်ကြားချက်များ အဆင့်ဆင့် ထုတ်ပြန်ပေးရာတွင် ပိုမိုစနစ်ကျပြီး ပြည်သူများအကြား၌ အသိပညာပေးမှု ပိုမိုကျယ်ပြန့်လာကာ ရောဂါထိန်းချုပ်မှုအပိုင်းတွင် ပိုမိုထိရောက်လာပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်က မိမိတို့အနေဖြင့် Positive လူနာ စတင်တွေ့ရှိသည့်အချိန်မှစ၍ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ Positive လူနာတွေ့ရှိသည့်အခါ ကျန်းမာရေးဦးစီးဌာနက စတင်ဆက်သွယ်ပြီး မိမိတို့က ယင်းလူနာကိုခေါ်ဆောင်၍ ကုသရေးဆေးရုံသို့ ပို့ဆောင်ရေးကိစ္စရပ်များကို စီမံဆောင်ရွက်ရပါကြောင်း၊ Positive လူနာအား ကုသရေးဆေးရုံ ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအဆင့် ကော်မတီက စီမံပေးထားသည့် မော်တော်ယာဉ်များ၊ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်ရေးပိုင်ဆိုင်ရာအနေဖြင့် လာရောက်ခေါ်ဆောင်သည့် ကိစ္စရပ်အပေါ်တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာတို့ကို ကူညီဆောင်ရွက်ပေးရပါကြောင်း၊ ဒေသတွင်းရှိ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး Contact Tracing စုံစမ်းသည့် လုပ်ငန်းစဉ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုးရိမ်ပူပန်မှုကြောင့် Contact Person များကို စိစစ်ဖော်ထုတ်သည့်အခါ သတင်းအချက်အလက် အပြည့်အစုံမရသည့် အခြေအနေနှင့် မကြာခဏ တွေ့ကြုံရပါကြောင်း။

ထို့ကြောင့် စိတ်ပူပန်ခြင်းမရှိရန်နှင့် ပိုမိုကောင်းမွန်သည့် လမ်းကြောင်းပေါ်ရောက်အောင် ပညာပေးစည်းရုံးဆောင်ရွက်ရပါကြောင်း၊ Contact Person များကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရပါကြောင်း၊ Contact Person များကို သက်ဆိုင်ရာ Quarantine Center သို့ ပေးပို့ရန်နှင့် Swab နမူနာရယူပြီး ဓာတ်ခွဲစစ်ဆေးရန် ကိစ္စရပ်များအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ ကျန်းမာရေးအရ အကာအကွယ်ပြည့်ဝစွာရရှိစေရေးနှင့် ဝန်ထမ်းများ၏ စိတ်လုံခြုံရေးရရှိစေရန်အတွက်လည်း စီမံဆောင်ရွက်ပေးရပါကြောင်း၊ လိုအပ်ချက်များကို တတ်နိုင်သမျှ ကိုဗစ်ကော်မတီအဆင့်ဆင့်နှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အသိပညာပေး ကြိုးစားဆောင်ရွက်**

Contact Tracing လိုက်ရသည့် လုပ်ငန်းစဉ်များတွင် ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက သတင်းရသည့်အချိန်မှစတင်၍ အချိတ်အဆက်ရသည့် အချိန်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် အနည်းငယ်စိတ်ပူရပါကြောင်း၊ လူများသွားလာလှုပ်ရှားမှုများ များပြားလာသည့်အတွက် Contact Person ဖော်ထုတ်မှုနောက်ကျသည်နှင့်အမျှ ထိတွေ့မှု ပိုမိုများပြားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက လက်ရှိအခြေအနေကို သိရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးအဆင့်တွင်လည်း အသံချဲ့စက်များဖြင့် နေ့၊ ည စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးလုပ်ငန်းများ သက်ရောက်မှုရှိအောင် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပမှ တရားမဝင်လမ်းကြောင်းဖြင့် ပြန်လည်ဝင်ရောက်လာပြီး ရပ်ရွာအတွင်း မိမိအစီအစဉ်ဖြင့် သွားလာဝင်ရောက်နေထိုင်ခြင်းများ မဖြစ်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းတွင် ကြေညာချက်ကို ကာယကံရှင်များ သိရှိပြီး လာရောက်ဆက်သွယ်ခြင်းများရှိသကဲ့သို့ ရပ်ရွာမှသိရှိပြီး သတင်းပေးသည့်အတွက် စုံစမ်းဖော်ထုတ်နိုင်ခြင်းများလည်းရှိပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ယခုအချိန်ထိ ၁၅ ဦး စုံစမ်းဖော်ထုတ်ရရှိခဲ့ပြီး သက်ဆိုင်ရာ Quarantine Center သို့ ပို့ဆောင်ကာ ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

> **ရခိုင်ပြည်နယ်တွင် ရောဂါကူးစက်မှုကို ထိန်းချုပ်ထား၍ ရပါကြောင်း၊ ရန်ကုန်ကဲ့သို့ နေရာမျိုးတွင် ထိန်းချုပ်နိုင်ရန် ခက်ခဲပါကြောင်း၊ စစ်တွေမှ ရန်ကုန်သို့ ဩဂုတ် ၁၀ ရက်နေ့မှ ယနေ့အချိန်ထိ လာရောက်သူ ခုနစ်ထောင်ကျော် ရှိပါကြောင်း၊ ယခုအချိန်တွင် ခရီးစဉ်များ ရပ်နားထားပြီဖြစ်ကြောင်း၊ အဆိုပါ ခုနစ်ထောင်ကျော်မှ မည်မျှပျံ့နှံ့နိုင်သည်ကို စဉ်းစားကြည့်ပါက သိရှိနိုင်မည်ဖြစ်ကြောင်း၊ စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် လာရောက်သူများသည် ရန်ကုန်မှတစ်ဆင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သွားနိုင်ပါကြောင်း၊ ထို့ကြောင့် လူဦးရေ ခုနစ်ထောင်သည် နိုင်ငံအတွင်း မည်မျှကျယ်ကျယ်ပြန့်ပြန့် သွားနိုင်သည်ကို စဉ်းစားကြည့်ပါက သိနိုင်ပါကြောင်း၊ ထို့ကြောင့် စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် လာရောက်သူများအားလုံးကို ဆက်သွယ်ကြရန် ပြောထားပါကြောင်း၊ မဆက်သွယ်ပါက ဥပဒေကို ချိုးဖောက်ရာရောက်သည့်အတွက် ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း**

**ထိန်းသိမ်းစောင့်ရှောက်ထား**

ယခု Quarantine Center များတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများနှင့် ရခိုင်ပြည်နယ်မှ ပြန်လာသူများ ထပ်မံရောက်ရှိလာသည့်အတွက် Contact Person များ များပြားလာပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံသည့် Facility Quarantine Center များ၌ ဝင်ဆံ့မှုအခြေအနေသည် လိုအပ်ချက်များ ရှိလာပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအဆင့် ကိုဗစ်ကော်မတီမှ မြို့နယ်အလိုက် Community Base Facility Quarantine Center များ ဖွင့်လှစ်ရန် ညွှန်ကြားထားပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း Community Base Facility Quarantine Center ၁၂ ခု ပြင်ဆင်ထားရှိပြီး ဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့မှ Volunteer များ စုဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း Quarantine Center ၁၂ ခုတွင် ဝန်ဆောင်မှုပေးရန်အတွက် လူဦးရေ ၁၂၀ ကျော်ဖြင့် စုဖွဲ့ထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လူဦးရေ ၁၀၀ ကျော်ကို ထိန်းသိမ်းစောင့်ရှောက်ထားပါကြောင်း၊ နောက်ထပ် လူဦးရေ ၃၀၀ လက်ခံနိုင်အောင် ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ တိုင်းဒေသကြီးအဆင့် ကိုဗစ်ကော်မတီမှ လိုအပ်လာပါက ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်လေ့လာမှုများ ဆောင်ရွက်ထားရန် ညွှန်ကြားသဖြင့် နယ်မြေတွင် ကြိုတင်လေ့လာမှုများ ပြင်ဆင်ထားရှိသည်ကို တင်ပြလိုပါကြောင်း။

> **ပြည်သူများအနေဖြင့်လည်း မိမိကိုယ်ကို တာဝန်ယူရန်လိုပါကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများဖြင့် နေထိုင်ပါက လုံးဝမကူးစက်နိုင်ဟု ပြော၍မရနိုင်သော်လည်း ကူးစက်နိုင်ခြေမှာ များစွာနည်းသွားမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်စည်းကမ်းများကို မလိုက်နာသဖြင့် ကူးစက်သည်က များပါကြောင်း၊ တချို့သူများမှာ လိုက်နာသော်လည်း ပတ်ဝန်းကျင်က မလိုက်နာ၍ ကူးစက်ခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် ကုသမှုကို တာဝန်ယူပေးမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းအလိုက်လည်း တာဝန်ယူရန်လိုအပ်ပါကြောင်း၊ နိုင်ငံနှင့် သက်ဆိုင်သည့်ကိစ္စသည် ပြည်သူအားလုံးနှင့် သက်ဆိုင်ပါကြောင်း**

ပြည်ပမှ ပြန်လာသူများကို ဘူတာရုံနှင့် အမြန်လမ်း Zero မိုင်တွင် ကြိုဆိုပြီး Facility Quarantine Center များသို့ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ရပါကြောင်း၊ အခက်အခဲအနေဖြင့် မော်တော်ယာဉ် စက်သုံးဆီလိုအပ်ချက်ဖြစ်ပါကြောင်း၊ ရက်ကြာလာသည်နှင့်အမျှ အနည်းငယ် အခက်အခဲဖြစ်လာပါကြောင်း၊ တိုင်းဒေသကြီးအစိုးရ အစီအမံဖြင့် ပထမတစ်ကြိမ် ကုန်ကျသည့် ကုန်ကျစရိတ်များကို ပံ့ပိုးကူညီထားပါကြောင်း၊ ယခုတွင် မြို့နယ်ကိုဗစ်ကော်မတီမှ ယင်းကိစ္စကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

Positive လူနာတွေ့သည့် အနီးဒေသဝန်းကျင်၌ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအဆင့် ကိုဗစ်ကော်မတီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်တိုင်ပင်၍ Mobile Fever Clinic ယာဉ်များ ပြင်ဆင်တည်ဆောက်ပြီး Positive လူနာတွေ့သည့် အနီးဒေသဝန်းကျင်တစ်ဝိုက်သို့ Mobile Fever Clinic ယာဉ်အပါအဝင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် Volunteer များ၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**မြို့နယ်အသင်းများပေါ်လာ**

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နေမကောင်းမကျန်းမာသည့်သူများကို ဖော်ထုတ်နိုင်ခဲ့ပြီး အချိန်မီ ဆေးရုံသို့ပို့ဆောင်၍ ကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး ကိုဗစ်ကော်မတီမှ နှစ်ပတ် စီမံချက်ဖြင့် Positive လူနာတွေ့သည့် ဒေသများတွင် Mobile Fever Clinic ၁၀ စီးအပါအဝင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် Volunteer များ၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်ပိုင်းခရိုင်သည် မြို့နယ်ငယ်များဖြစ်သည့်အတွက်ကြောင့် မြို့နယ်အသင်းများ ပေါ်လာပါကြောင်း၊ We Love Yangon အသင်းနှင့် ချိတ်ဆက်သည့်အခါ Network ပိုမိုကောင်းမွန်လာပြီး ယခုကဲ့သို့ Stay At Home ကာလတွင် ပိုမိုထိရောက်ပါကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့်လည်း မိမိကိုယ်ကို တာဝန်ယူရန်လိုပါကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများဖြင့် နေထိုင်ပါက လုံးဝမကူးစက်နိုင်ဟု ပြော၍မရနိုင်သော်လည်း ကူးစက်နိုင်ခြေမှာ များစွာနည်းသွားမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်စည်းကမ်းများကို မလိုက်နာသဖြင့် ကူးစက်သည်က များပါကြောင်း၊ တချို့သူများမှာ လိုက်နာသော်လည်း ပတ်ဝန်းကျင်က မလိုက်နာ၍ ကူးစက်ခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် ကုသမှုကို တာဝန်ယူပေးမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းအလိုက်လည်း တာဝန်ယူရန် လိုအပ်ပါကြောင်း၊ နိုင်ငံနှင့်သက်ဆိုင်သည့်ကိစ္စသည် ပြည်သူအားလုံးနှင့်သက်ဆိုင်ပါကြောင်း။

ယခုပြဿနာသည် နိုင်ငံတော်အတွက် များစွာကြီးမားသည့် အန္တရာယ်ဖြစ်ပါကြောင်း၊ တစ်ဦးချင်း တာဝန်သိသိဖြင့် လုပ်ဆောင်မှသာ ရောဂါကို ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် ရောဂါကူးစက်မှုကို ထိန်းချုပ်ထား၍ ရပါကြောင်း၊ ရန်ကုန်ကဲ့သို့ နေရာမျိုးတွင် ထိန်းချုပ်နိုင်ရန် ခက်ခဲပါကြောင်း၊ စစ်တွေမှ ရန်ကုန်သို့ ဩဂုတ် ၁၀ ရက်နေ့မှ ယနေ့အချိန်ထိ လာရောက်သူ ခုနစ်ထောင်ကျော် ရှိပါကြောင်း၊ ယခုအချိန်တွင် ခရီးစဉ်များ ရပ်နားထားပြီဖြစ်ကြောင်း၊ အဆိုပါ ခုနစ်ထောင်ကျော်မှ မည်မျှပျံ့နှံ့နိုင်သည်ကို စဉ်းစားကြည့်ပါက သိရှိနိုင်မည်ဖြစ်ကြောင်း၊ စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် လာရောက်သူများသည် ရန်ကုန်မှတစ်ဆင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သွားနိုင်ပါကြောင်း၊ ထို့ကြောင့် လူဦးရေ ခုနစ်ထောင်သည် နိုင်ငံအတွင်း မည်မျှကျယ်ကျယ်ပြန့်ပြန့် သွားနိုင်သည်ကို စဉ်းစားကြည့်ပါက သိနိုင်ပါကြောင်း၊ ထို့ကြောင့် စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် လာရောက်သူများအားလုံးကို ဆက်သွယ်ကြရန် ပြောထားပါကြောင်း၊ မဆက်သွယ်ပါက ဥပဒေကို ချိုးဖောက်ရာရောက်သည့် အတွက် ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၅ သို့ ❁

❁ စာမျက်နှာ ၄ မှ
ဥပဒေအရ အရေးယူခြင်းကို တချို့ကကြိုက်ကြမည်မဟုတ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း လုပ်ချင်၍ လုပ်ရခြင်း မဟုတ်ပါကြောင်း၊ မလုပ်မဖြစ်၍ လုပ်ရခြင်းဖြစ်ပါကြောင်း။

Contact Tracing လုပ်ပြီး ထိတွေ့မှုရှိခဲ့သည့်သူများအားလုံးကို ရှာဖွေကာ Quarantine ထားရှိ စစ်ဆေးသည့်အတွက် မိမိတို့နိုင်ငံသည် ကိုဗစ်ကို ထိန်းချုပ်နိုင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူအများစုသည် အိမ်ကျဉ်းကျဉ်း၊ တိုက်ခန်းကျဉ်းကျဉ်းထဲတွင် နေထိုင်ကြရပါကြောင်း၊ ရှောင်လွှဲပြီးနေ၍မရသည့်အတွက် တစ်ဦးဖြစ်လျှင် ကျန်သည့် မိသားစုဝင်များကို ကူးစက်မည်ဖြစ်ပြီး ၎င်းတို့မှတစ်ဆင့် ဆက်စပ်မှုရှိသည့်သူများကို ကူးစက်မည်ဖြစ်ပါကြောင်း၊ ထိုသို့ မဖြစ်အောင်ကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကုန်အကျများပါကြောင်း၊ ပြည်သူတစ်ဦးချင်း တစ်ဦးချင်း၏ အသက်သည် တန်ဖိုးဖြတ်၍ မရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ကုန်ကျစရိတ်ကို ထည့်မတွက်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိကိုယ်ကို တန်ဖိုးထားစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကိုဗစ်ကို အောင်မြင်စွာထိန်းချုပ်ထားနိုင်သည့် အကြောင်းရင်းတစ်ခုမှာ စောစီးစွာ Quarantine ထား၍ ရောဂါပိုးတွေ့သူများကို ကုသမှုပေးသောကြောင့် ဖြစ်ပါကြောင်း၊ အစောပိုင်းတွင် ပြန့်ပွားမှုနည်းပြီး ယင်းပြန့်ပွားသည့်အထဲမှ ခြောက်ဦးသာ အသက်ဆုံးရှုံးသည့်အတွက် ပေါ့ဆကြပါကြောင်း။

ကိုဗစ်ကို အောင်မြင်စွာထိန်းချုပ်ထားနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါပိုးကူးစက်နေသည့် လူဦးရေ ၄၀၀ ရှိပြီဖြစ်ပါကြောင်း၊ မြို့နယ်အတွင်းတွင် ရောဂါတွေ့ရှိသူ လူသုံးဦးကျော်ပါက Stay at Home လုပ်ပါကြောင်း၊ သုံးဦးကျော်သည့် မြို့နယ်များသည်လည်း များပြားလာပါကြောင်း၊ ရန်ကုန်မြို့ နေရာအများအပြားတွင် Stay at Home အစီအစဉ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်သူ၊ ရန်ကုန်သားများအနေဖြင့် ယခုအချိန်တွင် မိမိတို့၏အစွမ်းကို ပြသရမည့်အချိန်ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အဓိကမှာ ပြည်သူဖြစ်ပြီး ပြည်သူများပါဝင်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ တစ်ဦးချင်းတစ်ဦးချင်းသည် မိမိကိုယ်တိုင်တင်သာမက ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ပံ့ပိုးပေးသမျှသည် ထိရောက်မှုရှိစေရန်လည်း မိမိတို့ပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာသည် အများဆုံးအမုန်းခံရပါကြောင်း၊ ယခုကဲ့သို့ အခြေအနေတွင် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက အမုန်းခံရသည့်ဌာနမှ အချစ်ခံရသည့်ဌာနဖြစ်သွားမည် ဖြစ်ပါကြောင်း၊ အစိုးရဌာနများသည် ပြည်သူများအားကိုးယုံကြည်သည့် ဌာနဖြစ်ရမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် နောက်ဆုံးစာရင်းအရ ရောဂါပိုးတွေ့ရှိသူ ၃၉၈ ဦးဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တွင် ၄၀၀ ဖြစ်ပါကြောင်း၊ အင်းစိန်မြို့နယ်တွင် ၆၂ ဦးနှင့် လှိုင်မြို့နယ်တွင် ၄၉ ဦး ဖြစ်ပြီး များပြားလာပါကြောင်း၊ ထိုသို့ များပြားလာမှုကို ကြောက်ရန်မလိုပါကြောင်း၊ ပို၍ စည်းကမ်းလိုက်နာရန် လိုအပ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်ပတ်သက်၍ တင်းကျပ်စွာကိုင်တွယ်ရမည်ဖြစ်ပါကြောင်း၊ တာဝန်မဲ့သည့် လုပ်ရပ်များကို မနှစ်သက်ပါကြောင်း၊ ဥပမာအားဖြင့် ကန့်သတ်ထားသည့်ကြားမှ နိုက်ကလပ်များ ဖွင့်လှစ်ခြင်း စသည်တို့သည် များစွာတာဝန်မဲ့ပြီး ပြည်သူနှင့် နိုင်ငံအပေါ် စေတနာနည်းသည်ဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို တင်းကျပ်စွာ အရေးယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ကာကွယ်ရမည်ဆိုသည့် စိတ်ဖြင့် အရေးယူရမည်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ ရပ်ရွာတည်ငြိမ်ရေးအတွက် ထားရှိခြင်းဖြစ်ပါကြောင်း၊ ပြည်သူများကို ဒဏ်ပေးရန် မဟုတ်ပါကြောင်း၊ သို့သော် ရပ်ရွာမတည်ငြိမ်သည့်ကိစ္စရပ်များ လုပ်ဆောင်မည်ဆိုပါက ယင်းသို့ အကျိုးဆက်များရှိမည်ကို အများနားလည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေ၏ အကျိုးဆက်များသည် မည်သည့်အရာများဖြစ်သည်ကို ပြည်သူများ နားလည်ရမည်ဖြစ်ပါကြောင်း၊ မည်သည့်အတွက် ယင်းဥပဒေများ ပြဋ္ဌာန်းသည်ကို နားလည်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို နားလည်စေရန် ဆောင်ရွက်ပေးရမည့် တာဝန်မှာ အစိုးရဌာနများအားလုံးတွင် တာဝန်ရှိပါကြောင်း။

ယခုတွင် ကိုဗစ်ရောဂါထပ်မံမပြန့်ပွားစေရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ဌာနအသီးသီးမှ ဝန်ထမ်းများ တာဝန်ကျေပွန်ရုံသာမက ပြည်သူတစ်ယောက်ချင်းသည်လည်း တာဝန်ကျေပွန်စေလိုပါကြောင်း၊ ရခိုင်နှင့် စစ်တွေဘက်မှ လာရောက်သည့် ပုဂ္ဂိုလ်များနှင့် ထိတွေ့မှုရှိခဲ့ပါက သတင်းပေးရန်နှင့် ထိတွေ့မှုရှိသည့်သူများအကြောင်း သိရှိပါကလည်း အသိပေးရန်လိုအပ်ပါကြောင်း၊ ယင်းမှာ တိုင်ကြားခြင်းမဟုတ်ဘဲ အများကို ကာကွယ်ခြင်းဖြစ်ပါကြောင်း၊ Quarantine ဝင်ရမည်မှာ ကြောက်စရာမဟုတ်ပါကြောင်း၊ မိမိသည် ရောဂါရှိသည့်သူများနှင့်ထိတွေ့မှုရှိခဲ့သည်ဟု ပြောရုံဖြင့် ဒုက္ခမရောက်ပါကြောင်း၊ Quarantine ဝင်ရုံပင်ဖြစ်ပြီး ကုသမှုလိုအပ်ပါက ရယူနိုင်ပါကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်း ကြိုးစားပေးရန်လိုအပ်ပါကြောင်း၊ ယခုဌာန သုံးခုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူလူထုကိုလည်း ဝိုင်းဝန်းကူညီနေသည့် We Love Yangon ကဲ့သို့အဖွဲ့များ၊ တခြား စေတနာ့ဝန်ထမ်းများ၊ မိမိတို့ကို နားလည်မှုပေးပြီး လိုလားစွာဖြင့် ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ NEDA – Neighbouring Countries Economic Development Cooperation Agency တို့အကြား ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်းနယ်စပ် (ထီးခီး)သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်းနယ်စပ်(ထီးခီး)သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်းစီမံကိန်းဖောက်လုပ်ရေးနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ NEDA နှင့် ညှိနှိုင်းဆွေးနွေးခြင်း တိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားပြီးဖြစ်သည့် ချေးငွေကို ထိုင်းနိုင်ငံမှရရှိရေးအတွက် NEDA နှင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ရေးအစီအစဉ် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ရေးအဖွဲ့၏ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းများ ထုတ်ပြန်သည့်အစီအစဉ်ကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်း ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးဆွေတင့်လွင်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွက် လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်း၊ ကြေညာခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က သတင်း မီဒီယာအဖွဲ့များ၏မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယနေ့သတင်းထုတ်ပြန်ရေးအစီအစဉ်သို့ ပြည်တွင်းပြည်ပ သတင်းမီဒီယာ ၂၇ ဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ အတိုးရငွေဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်

ကြို့ပင်ကောက် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အုတ်တွင်းကုန်းအုပ်စု ကျီစုကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ အတိုးရငွေဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေးလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးစတင်အသုံးပြုရပြီဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် အုတ်တွင်းကုန်းအုပ်စု ကျီစုကျေးရွာသို့ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ရာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ငါးနှစ်ပြည့်မြောက်သွားပြီး အတိုးရငွေ ကျပ်သိန်း ၁၆၀ ခန့် ရရှိခဲ့သည်။ အဆိုပါ အတိုးရငွေများထဲမှ ငွေကျပ် ၈၇ သိန်းနှင့် ကျေးရွာလူထု ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ ခန့်တို့ပေါင်းပြီး မီးလင်းရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက် တွင် မီးစတင်ရရှိခဲ့ကာ ကျေးရွာအတွင်း အိမ်သုံးမီတာ ၇၁ လုံးမှ လျှပ်စစ်မီး ရယူ သုံးစွဲလျက်ရှိကြောင်း ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်ထူးထံမှ သိရသည်။

ကြို့ပင်ကောက် တစ်မြို့နယ်လုံးတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာ ၄၅ ရွာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# ဧရာဝတီနှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် ၃ ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်နှင့် သာပေါင်းမြို့နယ်များ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန် – ကိုကိုးကျွန်း ခရီးစဉ်ပထမအခေါက် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်-ကိုကိုးကျွန်း ပထမအခေါက်ခရီးစဉ်ကို သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV. CHARITES ရေယာဉ်ဖြင့် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းမှ စတင်ထွက်ခွာသွားသည်။

**၆၆ ဦး လိုက်ပါ**

ယင်းခရီးစဉ်တွင် ရေယာဉ်ဝန်ထမ်း ၁၃ ဦး အပါအဝင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစု သုံးဦး၊ မီးလင်းရေး စီမံချက်အတွက် ကုမ္ပဏီဝန်ထမ်း ၄၃ ဦးနှင့် ခရီးသည် ၂၀ စုစုပေါင်း ၆၆ ဦး လိုက်ပါသွားကြသည်။ ခရီးစဉ်တွင် လိုက်ပါမည့်သူများအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ နှစ်ရက် ကြိုတင်ကာ သတ်မှတ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်စခန်းတွင် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ကုန်တိုင်းတစ်တိုင်းလုံး မီးလင်းရေးစီမံချက်အရ ကိုကိုးကျွန်းမြို့နယ်သို့ ၂၄ နာရီမီးလင်းရေးစီမံကိန်းအတွက် YESC က ပို့ဆောင်သည့် စုစုပေါင်း ၈၃၁ ဒသမ ၅ တန်ရှိ ဓာတ်တိုင်များ၊ ဆိုလာများနှင့်ဆက်စပ်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် လူနာတင်မော်တော်ယာဉ် နှစ်စီးနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာအတွက် မော်တော်ယာဉ် လေးစီး စုစုပေါင်း မော်တော်ယာဉ် ခြောက်စီးတို့အား သယ်ဆောင်သွားသည်။


အဆိုပါ ထွက်ခွာရာသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့်အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# JICA ထံမှ ချေးငွေ ဂျပန်ယန်း ဘီလီယံ ၃၀ ရယူရေးဆိုင်ရာ မြန်မာ– ဂျပန် နှစ်နိုင်ငံအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်တို့အား လက်မှတ်ရေးထိုး





**နေပြည်တော် စက်တင်ဘာ ၂**
ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ကုစားနိုင်ရန်ရည်ရွယ်၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ချေးငွေ ဂျပန်ယန်း ဘီလီယံ ၃၀ ရယူရေးဆိုင်ရာ နှစ်နိုင်ငံအစိုးရများအကြား လဲလှယ်မှုစာချွန်လွှာ (Exchange of Notes) နှင့် ချေးငွေစာချုပ် (Loan Agreement) တို့အား ယမန်နေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် JICA တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

လဲလှယ်မှုစာချွန်လွှာကို မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမတို့ကလည်းကောင်း၊ ချေးငွေစာချုပ်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံ အပြည်အပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ မြန်မာနိုင်ငံရုံးခွဲအကြီးအကဲ ဆာကခုရနိုရိဂျိတို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါချေးငွေကို ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်း၊ ကိုဗစ်–၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများအတွက် နိုင်ငံတော်က ဦးဆောင်ပံ့ပိုးကူညီရခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်မှုနှင့် စီးပွားရေး ကျဆင်းနိုင်မှုတို့ကို ပြန်လည်ထူထောင်နိုင်ရန်အတွက် ကုစားရေးအစီအစဉ်များ စီမံဆောင်ရွက်ရခြင်းတို့အတွက် အဓိကသုံးစွဲနိုင်ရန် ရယူခဲ့ခြင်းဖြစ်ပြီး၊ ချေးငွေရယူရေးအတွက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ရှိ သမဝါယမအသင်းများက လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**
နေပြည်တော်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ ထွက်ရှိလာသော စပါးများကို ရိတ်သိမ်းခြွေလှေ့ခြင်းတို့ဖြင့် သီးနှံများအထွက်တိုးပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိစေရန် ရည်ရွယ်၍ နေပြည်တော်အတွင်းရှိ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းနှင့် လုပ်ငန်းခွဲများက ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ်မိုးရာသီ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တောင်သူ ၈၈ ဦး၏ လယ်ယာမြေ ၃၉၈ ဧကကို တစ်ဧကလျှင် ကျပ် ၁၆၀၀၀ နှုန်းဖြင့် ထွန်ယက်ပေးခဲ့ပြီး၊ တောင်သူခုနစ်ဦး၏ သီးနှံစိုက်ဧက ၂၈ ဒသမ ၇၅ ဧကကို တစ်ဧကလျှင် ကျပ် ၄၀၀၀၀ နှုန်းဖြင့် ရိတ်သိမ်းခြွေလှေ့ပေးနိုင်ခဲ့သည်။

"ယခုအထိ နေပြည်တော်အတွင်း တောင်သူ ၄၄၃ ဦးရဲ့ လယ်ယာမြေ ၁၄၆၄ ဧကကို ထွန်ယက်ပေးခဲ့ပြီး တောင်သူ ၁၆၅ ဦးရဲ့ စပါးစိုက်ဧက ၆၆၃ ဒသမ ၇၅ ဧကကို ရိတ်သိမ်းခြွေလှေ့ပေးနိုင်ခဲ့လို့ အသင်းအနေနဲ့ ဝင်ငွေကျပ် ၁၆ ဒသမ ၆၅၁ သန်း ရရှိပြီးဖြစ်ပါတယ်"ဟု နေပြည်တော်တိုင်း သမဝါယမအသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထိုက်က ပြောသည်။

နေပြည်တော်အတွင်း သမဝါယမအသင်းများက လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းကို ထွန်စက်ကြီး ကိုးစီး၊ ရိတ်သိမ်းခြွေလှေ့စက် လေးစီးတို့ဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

**ကိုရိုနာဗိုင်းရပ်စ် (COVID– 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မောင်တောခရိုင်ရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့မှုများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**
ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ် (COVID–19 Economic Relief Plan–CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများအား စားသောက်ကုန် ငါးမျိုးဝယ်ယူရန် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၄၀၀၀၀နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက်တွင် Virtual Meeting ဖြင့် ကျင်းပခဲ့သည်။



အဆိုပါ CERP အစီအစဉ်အရ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ စေတီတောင်ရွာ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၆၂၄ စု၊ ခွဆုံရွာ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၃၁၀၊ ဒုံးသိမ်ဓမ္မာရုံမှ အိမ်ထောင်စု ၁၁ စု၊ ရန်အောင်မြေဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၁၇၁ စု၊ လမ်းမဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၅၅၄ စု၊ ဂန္ဓာရီတောရ ပရဟိတ ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၆၉ စု၊ မြတောင် ဘုန်းကြီးကျောင်းမှ အိမ်ထောင်စု ၂၀၅ စု၊ မြောင်းနား တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၈၂ စု၊ အောင်ပရွာမှ အိမ်ထောင်စု ၂၅ စု စုစုပေါင်း ယာယီတိုက်ပွဲရှောင်စုရပ် ကိုးခုရှိ စုစုပေါင်း အိမ်ထောင်စု ၂၀၅၁ စုတို့အတွက် စားသောက်ကုန် ငါးမျိုး ဝယ်ယူရန် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၈၂၀၄၀၀၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မောင်တောခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့်ပူးပေါင်း၍ ယမန်နေ့က ထောက်ပံ့ခဲ့ကြောင်း၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်နှင့် ကျောက်ဖြူခရိုင်များရှိ IDP နှင့် တိုက်ပွဲရှောင်အိမ်ထောင်စုများကိုလည်း ထောက်ပံ့ကူညီမှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများဖြစ်ကာ ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်မှာ နှစ်ပေါင်း (၇၀) ပြည့်မြောက်ပြီဖြစ်ပြီး ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေများ၊ ယခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်တွင် နှစ်ဖက်သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ တရုတ်နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါစတင်ဖြစ်ပွားသည့်ကာလအတွင်း မြန်မာ့တပ်မတော်မှ တရုတ်နိုင်ငံသို့ ရောဂါကာကွယ်ရေးအထောက်အကူပြုဆေးနှင့်ဆေးပစ္စည်းများ လျင်မြန်စွာ ပေးပို့လှူဒါန်းခဲ့သည့် အခြေအနေများနှင့် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှလည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များစေလွှတ်၍ မြန်မာ့တပ်မတော်သို့ ရောဂါကာကွယ်ရေး အထောက်အကူပြုဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းကာ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတို့တွင် တပ်မတော်နှစ်ရပ်အကြား သတင်းအချက်အလက်များ ဖလှယ်ကာ အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး တပ်ဖွဲ့ဝင်များအကြားနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲအုပ်ချုပ်နေသည့်အဖွဲ့များအကြား အချင်းချင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အခြေခံမှုဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် လိုအပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည့်ပြည့်ဝဝ ပါဝင်လျှောက်လှမ်းရန်လိုအပ်သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် ကိုဗစ် – ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများ ရှိသည့်နေရာများမှအပ ကျန်နေရာများတွင် စက်တင်ဘာ ၃၀ ရက်အထိ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်ဆိုင်းပေးထားသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည့်အခြေအနေများ၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် အေးအတူပူအမျှဖြစ်သည့် အသိုက်အဝန်းထူထောင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများအား ခင်မင်ရင်းနှီးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# International Army Games-2020 Tank Biathlon ပစ်ခတ်ခြင်းပြိုင်ပွဲတွင် မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ အကြိုဗိုလ်လုပွဲ၌ ပထမရရှိသဖြင့် ဗိုလ်လုပွဲ ဆက်လက်တက်ရောက်

**နေပြည်တော်    စက်တင်ဘာ    ၂**

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၂၃ ရက်မှ စတင်၍ ကျင်းပလျက်ရှိသည့် International Army Games–2020 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Tank Biathlon) ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်တွင် အကြိုဗိုလ်လုပွဲဖြစ်သော လက်ဆင့်ကမ်းမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Relay Race) ပွဲစဉ်(၁)ကို အာဆီယံဒေသတွင်းပြိုင်ဘက်အသင်းဖြစ်သည့် ဗီယက်နမ်တင့်တပ်ဖွဲ့နှင့် ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့က ပြိုင်ပွဲဝင်စံချိန် ၂ နာရီ ၁၈ မိနစ် ၄ စက္ကန့်ဖြင့် ပထမနေရာမှ ပန်းဝင်ခဲ့သဖြင့် ဗိုလ်လုပွဲအဆင့်သို့ ထိုက်တန်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။




**အသီးသီးပန်းဝင်ခဲ့**

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် အုပ်စုပွဲများအဖြစ် တစ်စီးချင်းမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Individual Race) တွင် ဗီယက်နမ်၊ ကာတာ၊ တောင်အော့စက်တီယာအသင်းများနှင့်အတူ ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် တိုက်ယာဉ်အဖွဲ့(၁)က ပြိုင်ပွဲဝင်စံချိန် ၃၆:၂၇ မိနစ်ဖြင့် တတိယနေရာ၌လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် တိုက်ယာဉ်အဖွဲ့(၂)က ပြိုင်ပွဲဝင်စံချိန် ၄၂:၄၃ မိနစ်ဖြင့် ဒုတိယနေရာ၌လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် တိုက်ယာဉ်အဖွဲ့(၃)က ပြိုင်ပွဲဝင်စံချိန် ၃၃:၃၉ မိနစ်ဖြင့် ပထမနေရာ၌လည်းကောင်း အသီးသီးပန်းဝင်ခဲ့ပြီး တစ်စီးချင်းမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Individual Race) တွင် တိုက်ယာဉ်အဖွဲ့ သုံးဖွဲ့ပေါင်းစံချိန် ၁ နာရီ ၅၂ မိနစ် ၄၉ စက္ကန့်ဖြင့် အုပ်စု(၂) အသင်း ရှစ်သင်းတွင် အဆင့်လေးရရှိ၍ တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ လာအို၊ ကွန်ဂိုအသင်းတို့နှင့်အတူ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။


အကြိုဗိုလ်လုပွဲအဖြစ် လက်ဆင့်ကမ်းမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Relay Race) ကို မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မမ အမြောက်အားမောင်းလျက် ကျည်သုံးတောင့် ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မမ လေယာဉ်ပစ်စက်သေနတ်ကျည်တောင့် ၂၀ နှံ့ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မမ ယှဉ်တွဲစက်သေနတ်ကျည်တောင့် ၃၀ ရပ်လျက်ပစ်ခတ်ခြင်းတို့ကို မောင်းနှင်ယှဉ်ပြိုင်ရမည့် ပတ်လမ်းပုံစံ လေးခုအနက်မှ မဲနှိုက်၍ ကျရာပတ်လမ်းတွင် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် အကြိုဗိုလ်လုပွဲကို စက်တင်ဘာ ၁ ရက်တွင် အာဆီယံဒေသအတွင်း ပြိုင်ဘက်အသင်းဖြစ်သည့် ဗီယက်နမ်တင့်တပ်ဖွဲ့နှင့် ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့က ပြိုင်ပွဲဝင် စံချိန် ၂ နာရီ ၁၈ မိနစ် ၄ စက္ကန့်ဖြင့်လည်းကောင်း၊ ဗီယက်နမ်တင့်တပ်ဖွဲ့က ပြိုင်ပွဲဝင်စံချိန် ၂ နာရီ ၂၃ မိနစ် ၁၆ စက္ကန့်ဖြင့်လည်းကောင်း ပန်းဝင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ လက်ဆင့်ကမ်းမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Relay Race) ပွဲစဉ်(၂)ကို တာဂျစ်ကစ္စတန်၊ လာအို၊ ကွန်ဂို နိုင်ငံအသင်းများက စက်တင်ဘာ ၂ ရက်တွင် ယှဉ်ပြိုင်ကြပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည့် ဗိုလ်လုပွဲကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **သတင်းစဉ်**

**ဓာတ်ပုံ–တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

## ပန်းတော့အထိမ်းအမှတ် အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၂**




မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိအလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းတော့အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) (၁)မျိုးအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ (၄)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆုတ်(၂)ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဇဟို စာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် စက်တင်ဘာ (၄) ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား ထောက်ပံ့

**နေပြည်တော်    စက်တင်ဘာ    ၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် မိုးစပါးမျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများအား ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက တဲကြီးကုန်းကျေးရွာ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများ၊ မိုးစပါးမျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေများကို ပေးအပ်ကြရာ အကျိုးဆောင်တောင်သူများက လက်ခံရယူခဲ့ကြသည်။

ဇမ္ဗူသီရိမြို့နယ်တွင် အကျိုးဆောင်တောင်သူ ၁၁ ဦးတို့က မိုးစပါးမျိုးစေ့ထုတ် ဧက ၅၀ စိုက်ပျိုးခဲ့ကြပြီး ယနေ့အထိ မိုးစပါးစိုက်ဧက စုစုပေါင်း ၉၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ပေး**

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ၏ အကျိုးဆက်သက်ရောက်မှုများကို အခြားသူများနှင့်အတူ ခံစားကြရသကဲ့သို့ စိုက်ပျိုးရေ လိုအပ်ချက်အပါအဝင် ရာသီဥတုပြောင်းလဲသက်ရောက်မှုဒဏ်ကိုပါ ရင်ဆိုင်နေကြရမှုအပေါ် ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးပေးနိုင်ရန် ကြိုးပမ်းလျက်ရှိရာ မျိုးကောင်းမျိုးသန့်ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် တစ်နိုင်ငံလုံးတွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ဧကတစ်သိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းလုပ်ငန်းအတွက် လိုအပ်သည့် မျိုးစေ့ဖိုး၊ အပင်ပြုစုလုပ်အားခ၊ မျိုးကွဲနုတ်ပယ်၊ မျိုးစေ့သန့်စင်လုပ်အားခ စသည့်စရိတ်များတွင် အသုံးပြုနိုင်ရန် တစ်ဧကလျှင် ပျမ်းမျှ တစ်သိန်းခွဲခန့်ကို နိုင်ငံတော်က ကိုဗစ်–၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်ဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ အထွက်ကောင်းစပါးမျိုးစေ့ထုတ်လုပ်ငန်းအတွက် တစ်ဧကလျှင် ကျပ် ၁၄၈၅၀၀ နှုန်း၊ အရည်အသွေးကောင်း စပါးမျိုးစေ့ထုတ်လုပ်ငန်းအတွက် တစ်ဧကလျှင် ကျပ် ၁၅၀၅၀၀ နှုန်းဖြင့် တစ်နိုင်ငံလုံးအတွက် ကျပ်သန်းပေါင်း ၁၄၉၁၁ ဒသမ ၃၃ အသုံးပြုထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း

ဒီတစ်ပတ်စကားဝိုင်းမှာ ပြောမယ့်မင်းသားကတော့ လူချောမင်းသားလို့ ပြောရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ လူချောလူလှမင်းသားတွေထဲက ကံအားလျော်စွာကျန်နေတဲ့ မင်းသားတစ်ဦးနဲ့ ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ သူ့ကိုမင်းသားကြီးလို့ပဲ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည်က အင်မတန် နာမည်တူများပါတယ်။ ကျွန်တော်နဲ့ ပထမဆုံးရုပ်ရှင်စကားဝိုင်းမှာ စပြီးတော့ဆွေးနွေးတဲ့ပုဂ္ဂိုလ်ကလည်း ရုပ်ရှင်မှာဘီအေဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ သူ့နာမည်က ဦးမြင့်စိုး ဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်တော့်ရဲ့မိတ်ဆွေပေါ့လေ၊ သူငယ်ချင်း လောလောဆယ်ဒါရိုက်တာလုပ်နေတဲ့ မြင့်စိုး(ဝ/သ) ဆိုတာလည်း တစ်ယောက်ရှိပါတယ်။ မြင့်စိုးဆိုတဲ့နာမည်တွေက ပေါများတဲ့အတွက် ကျွန်တော်နဲ့ အခုစကားပြောမယ့် လူချောလူလှ မင်းသားကြီးမြင့်စိုးကို မင်းသားကြီးလို့ပဲ ကျွန်တော်က ခေါ်ဝေါ်လေ့ရှိပါတယ်။ အခုကျွန်တော်နဲ့ မင်းသားကြီးမြင့်စိုးနဲ့ ရုပ်ရှင်စကားဝိုင်းကို စတင်မှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**ဒါရိုက်တာ ကြည်စိုးထွန်း**

(၃၁-၈-၂၀၂၀ ရက်နေ့မှအဆက်)

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်သေသွားတော့မှ ဖိုးပါကြီးနဲ့ မေရီမြင့်နဲ့ ပြန်ပေါင်းတာ။

**ကြည်စိုးထွန်း။** ။ သြော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော့်အခန်းနည်းတဲ့အတွက် အောက်က ပရိသတ်က ဝေဖန်ကြတယ်ပေါ့ ဆရာရယ်။ နောက်တော့ ကျွန်တော် အဲဒီ ‘ချစ်ဖေဖေ’ မှာ ဆရာဦးချင်းစိန်ကနေပြီးတော့ မောင်မြင့်စိုး မင်းကိုပြန်ရိုက်မယ်။ ‘ချစ်ဖေဖေ’ ရိုက်မယ်ဆိုတော့ ကိုသန်းနွဲ့တို့၊ ဖိုးပါလေးတို့၊ ပါနောက်တို့ပါတယ်။ အဲဒီဇာတ်ကားထဲမှာ ဆရာဦးချင်းစိန်က ပြဇာတ်ကိုပြန်တင်တဲ့ ဇာတ်ကားဖြစ်နေတော့ ပြဇာတ်ထဲမှာ အောင်မြင်သလို မောင်မြင့် ကျွန်တော့်ကို ပျောက်သွားတဲ့နေရာမှာ ရန်ကုန်မြို့ကို တက်လာပြီးတော့ ပျောက်သွားတော့ လူရွှင်တော်တွေက လိုက်ရှာတာ မောင်မြင့်စိုးလေးရေ ဆိုပြီး။

**ကြည်စိုးထွန်း။** ။ ဟုတ်ပြီ။

**(ကြည်+မြင့်)။** ။ မြင့်စိုးရေ မောင်မြင့်စိုးလေးရေ။

**မင်းသားကြီးမြင့်စိုး။** ။ လိုက်ရှာတာ ဟာသပေါ့ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး။** ။ လိုက်ရှာတော့ ဇာတ်ကားကြည့်ပြီးတဲ့လူက အဲဒါ အော်ပြီးတော့ ထွက်လာကြတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် မြင့်စိုးလေးရေ မောင်မြင့်စိုးလေးရေ။

**မင်းသားကြီးမြင့်စိုး။** ။ မြို့ထဲမှာလည်း ဒီလိုပဲ အော်နေကြတယ်။ ကျွန်တော့် အိမ်ရှေ့မှာလည်း မြင့်စိုးရေ မောင်မြင့်စိုးလေးရေ လာအော်တော့တယ်။ ကာတွန်းဆရာတွေက ဘာရေးလဲဆိုတော့ မြင့်စိုးရေ မောင်မြင့်စိုးရေ ကြွက်ဖြူလေးရေဆိုပြီး ကာတွန်းတွေ ရေးကြတယ်ပေါ့။ ကျွန်တော်လည်း အဲဒီဆရာဦးချင်းစိန်ရဲ့ ကျေးဇူးကြောင့် မြင့်စိုးက နာမည်ကြီး သွားတာပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်တာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ နာမည်ပါရသွားတယ် ဆရာရယ်။ ဆရာဦးချင်းစိန် ကျေးဇူး မမေ့ပါဘူးဆရာ။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ကျွန်တော်လည်း အဲဒါလေး သတိထားမိတယ်။ မြင့်စိုးရေ မောင်မြင့်စိုးလေးရေ ရယ်လည်း ရယ်ရတယ်။ ရန်ကုန်မြို့မှာ လူတစ်ယောက်ကို လိုက်ရှာကာ အဲဒီလို လိုက်အော်ပြီးတော့ လိုက်ရှာတာဆိုတော့ ရယ်ရတာပေါ့ဗျာ။

**မင်းသားကြီးမြင့်စိုး။** ။ လိုက်အော်ပြီးတော့ ရှာတွေ့တဲ့လူကို ခင်ဗျားမြင့်စိုး လား မြင့်စိုးလားဆိုပြီးတော့ မေးတယ်ဆရာ။


ဦးညွှာ


ဦးဘချစ်


ပါနောက်


ဂျင်းဖောမယ်


မေရီမြ


စောမူ

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး။** ။ ကိုသန်းနွဲ့ ကျေးဇူးပေါ့ဆရာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ပ့ါဗျာ ကြာလှပြီ။

**မင်းသားကြီးမြင့်စိုး။** ။ ကိုသန်းနွဲ့တို့၊ ဖိုးပါလေးတို့။

**ကြည်စိုးထွန်း။** ။ အဲဒါက ‘ချစ်ဖေဖေ’ ၁၉၅၇ ခုနှစ်မှာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်ဆရာ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာရိုက်ပြီးတော့ မြည္ပ္ပန်ရုပ်ရှင်နဲ့ ဦးဘချစ်လည်း ပါတယ်နော်၊ မေရီမြင့်ပါတယ်၊ မေမြ ပါတယ်။ မေသန်းကြည်ဆိုတာ ရှိသေးတယ်နော်။

**မင်းသားကြီးမြင့်စိုး။** ။ မေသန်းကြည်လည်းပါတယ်။

**ကြည်စိုးထွန်း။** ။ မေသန်းကြည်က ပါနောက်ရဲ့ဇနီး၊ ပါနောက်က စိုးမြင့်ဆိုပြီးတော့ ရိုက်သေးတယ်နော်။



**မင်းသားကြီးမြင့်စိုး။** ။ ဒါရိုက်တာစိုးမြင့်ဆိုပြီး အသံတိတ်ကားတွေ အများကြီးနာမည်ရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ သူ့ကားတွေလည်း ကျွန်တော်တို့ ကြည့်ဖူးတာပေါ့။ ရွှေဘ၊ တင်ညွှန့်၊ မေသန်းကြည် အဲဒါတွေ ကျွန်တော်တို့ကြည့်ဖူးတယ်။ မေသန်းကြည်က သူ့ဇနီးပေါ့နော်။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ ဒါရိုက်တာအေဝမ်း ပါနောက်ရိုက်တဲ့ ရိုက်ကွက်နဲ့ ပတ်သက်လို့ ဆရာ့ကိုတင်ပြလို့ရမလား။

**ကြည်စိုးထွန်း။** ။ ပြောပါဦးခင်ဗျ၊ ကြားရတာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ကြုံလို့ပါဆရာ။ ဆရာဦးချင်းစိန်ကနေပြီးတော့ ‘ချစ်ဖေဖေ’ ဇာတ်လမ်းအရ နောက်ဆုံးကျတော့ ဦးဘချစ်ကြီးက အဖေပေါ့ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး။** ။ ‘ချစ်ဖေဖေ’ မှန်းသိသွားတော့ ဇာတ်ကသိမ်းသွားပြီ။ သိမ်းသွားတော့ ဆရာဦးချင်းစိန်က ဘာပြောလဲဆိုတော့ သူ့အိမ်မှာ ငါ့ဇာတ်ထုပ်ကတော့ ဇာတ်လမ်း ပြီးသွားပြီကွာတဲ့။ သန်းနွဲ့ကလည်း ဟာသလေးတွေတတ်တာကိုး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်ရယ်၊ ကိုသန်းနွဲ့ရယ်၊ ကိုပါနောက်၊ ကိုစိုးမြင့်ရယ် ထိုင်နေတုန်းမှာ သန်းနွဲ့ရေတဲ့ ငါ့ကို ending happy ending လေးလုပ်ချင်တယ်ကွာတဲ့၊ plot တစ်ခုလောက် ရယ်စရာလေးတစ်ခုလောက် ထည့်ပေးစမ်းပါကွာတဲ့။ ဦးသန်းနွဲ့က ခေါင်းကုတ်ပြီးတော့ ခက်တယ်ဆရာရယ် new plot ဆိုတော့ အခန်းတစ်ခန်း အသစ်လုပ်ရမယ်ဆိုတော့ subject နဲ့လည်း အဆက်အသွယ်မရှိဘူး။ အသစ်လုပ်ရမှာ ကျွန်တော်စဉ်းစားရခက်နေတယ်ဆရာရယ်။ အချိန်ပေးပါလားဆိုတော့.....။

**ကြည်စိုးထွန်း။** ။ အဆက်အစပ်ရှိမှ ကောင်းတယ်လေ။

**မင်းသားကြီးမြင့်စိုး။** ။ အဆက်အစပ်ရှိမှ ကောင်းတယ်ဆိုတော့ အဲဒီတုန်းကတည်းက ကျွန်တော်က ရုပ်ရှင်ကို တော်တော် လေ့လာနေပြီ။ ရှင်းရှင်းပြောရရင် နိုင်ငံခြားကားတွေ တော်တော်ကြည့်ထားတယ်။ တော်တော်လေး စာတွေဖတ်ထားတဲ့ကျေးဇူးပေါ့ဆရာရယ်။ ကျွန်တော့် ခေါင်းထဲမှာ plot တစ်ခုပေါ်လာတယ်။ တိုင်းပြုပြည်ပြုလည်းဖြစ်အောင် plot လည်း ကောင်းအောင်ပေါ့ဆရာရယ် ပေါ်လာတော့ ဆရာခင်ဗျလို့ ကျွန်တော်တော့ အကွက်လေးတစ်ကွက် သတိရတယ် ပေါ်လာတယ်ဆရာ၊ ကျွန်တော် ပြောလို့ရပ့ါမလားဆရာဆိုတော့ ဟေ့ကောင်းသားပဲ မောင်မြင့်စိုးပြောစမ်း ဆိုတော့ ကျွန်တော်က လူရွှင်တော်သုံးယောက်ရှိတယ်လို့ သန်းနွဲ့ရယ်၊ ပါနောက်ရယ်၊ ဖိုးပါလေးရယ်ဆိုတော့ ကျွန်တော်တို့တိုင်းပြည်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်ရှိတယ်လို့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ တစ်ယောက်က ကြည်းတပ်၊ တစ်ယောက်က လေတပ်၊ တစ်ယောက်က ရေတပ်ပေါ့။ လုပ် လုပ်ပြီး တော့တစ်ခါတည်း ချီတက်သွားတာပြ၊ ချီတက်တာ ပြပြီးတော့ သူတို့က ရပ်လိုက်မယ်။ ရပ်လိုက်ပြီးတော့ ဘာပြောမလဲဆိုတော့ ဟေ့မြင့်စိုးတို့၊ ဦးချင်းစိန်တို့၊ ဘာတို့ကလည်း ချစ်ဖေဖေတွေ့ပြီ၊ တို့လည်းချစ်ဖေဖေတွေ့ပြီကွ ဟိုမှာပဲ တို့ချစ်ဖေဖေဆိုပြီးတော့ လက်ညှိုးထိုးလိုက်ချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကြီး။

**ကြည်စိုးထွန်း။** ။ ကြေးရုပ်ကြီး။

**မင်းသားကြီးမြင့်စိုး။** ။ ပြချင်တယ်။ အဲဒီတော့ ဟာကောင်းတယ်ကွတဲ့။ တော်တော်သဘောကျသွားတယ်၊ ဟာတိုင်းပြုပြည်ပြုလည်းဖြစ်တယ်။ happy ending လည်းဖြစ်တယ်။ ဘယ်သူ့ကိုသွားရိုက်ခိုင်းလဲဆိုတော့ ဟာ ဒါဆရာဦးစိုးမြင့်ကို ဟိုဒင်းဖြစ်တာ မဟုတ်ပါဘူး။ ကြုံလို့ပြောပြတာပါ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဆရာဦးစိုးမြင့်က သွားရိုက်တယ်။

**ကြည်စိုးထွန်း။** ။ သြော် ပါနောက်။

**မင်းသားကြီးမြင့်စိုး။** ။ ပါနောက်က ဘယ်လိုသွားရိုက်လဲဆိုတော့ ချီတက်တာ သုံးယောက် ချီတက်လာတာကို တစ်ခါတည်း ကင်မရာ pan ပေါ့ဆရာ။ Pan shot ရိုက်ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကြီးက Bound ထဲ ဝင်လာတယ်။

**ကြည်စိုးထွန်း။** ။ သြော် ကြေးရုပ်ကြီးက။

**မင်းသားကြီးမြင့်စိုး။** ။ ကြေးရုပ်ကြီး Bound ထဲကိုဝင်လာတယ်။ အမှန်မှာ Bound ထဲ မဝင်ရဘူး။

**ကြည်စိုးထွန်း။** ။ မဝင်ရဘူးလေ ဒါဟိုဟာပေါ့ ဖွက်ထားတာ။

**မင်းသားကြီးမြင့်စိုး။** ။ Bound ထဲမဝင်ရမှ understood ပေါ့ဆရာရယ်။ နောက်တော့မှ လက်ညှိုးထိုးမှ close up နဲ့ပြမယ်။ ဟုတ်လားဆရာ ကျွန်တော်က သဘောပေါက်ပြီးသား။ ဒါပေမဲ့ ကျွန်တော့် ရိုက်ကွက်ကို ကျွန်တော်မပြောဘူးပေါ့။ ခုနက plot ပဲပြောတယ်။ ကိုယ်က ဒါရိုက်တာမှ မဟုတ်ဘဲဆရာရဲ့။ ဦးစိုးမြင့်က ဒါရိုက်တာဆိုတော့ သူပဲရိုက်တာ။ သွားရိုက်တော့ ကင်မရာ Bound ထဲကို ဗိုလ်ချုပ်အောင်ဆန်းကြီး ပြတော့...။

**ကြည်စိုးထွန်း။** ။ ကြေးရုပ်ကြီးမှန်းသိ။

စာမျက်နှာ ၉ သို့ ■

■ စာမျက်နှာ ၈ မှ

**မင်းသားကြီးမြင့်စိုး။** ။ ဒါတို့ချစ်ဖေဖေပဲလို့ပြတော့ ပရိသတ်က ဘာမှ မထူးတော့ဘူးဆရာရယ်။ အဲဒါလေးအတွေ့အကြုံလေးရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ် ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီတော့ ရုပ်ရှင်က Bound ဆိုတာ အရေးကြီးတာ သွားသတိရတယ်။

**ကြည်စိုးထွန်း။** ။ ဒါအရေးကြီးတာပေါ့ အရေးကြီးတာပေါ့။ တစ်ခါ တလေပေါ့မင်းသားကြီးရယ်။ ဆိုပါတော့ ကျွန်တော်တို့ အငြိမ့်တွေရိုက်တယ်။ ရိုက်တော့ လူရွှင်တော် နှစ်ယောက် ပြက်ကြတယ်။ ပြက်ကြတဲ့အခါကျတော့ လူရွှင်တော်ရဲ့ close up တွေပြတာပေါ့ ကျွန်တော်တို့ သွားတွေ့တာပေါ့ တချို့ဟာ close up ပြတော့ ဟိုဘက်က လူရွှင်တော်ရဲ့ အိုက်တင်က မပါတော့ဘူး။ ဟုတ်တယ်မှတ်လား လူရွှင်တော်နှစ်ယောက်ဆိုတာ သူကချိတ်ထားတာ။

**မင်းသားကြီးမြင့်စိုး။** ။ မှန်တာပေါ့။

**ကြည်စိုးထွန်း။** ။ တစ်ယောက်နဲ့တစ်ယောက်က ခက်တင်မောင်းနင်းပေါ့။ တစ်ယောက်နဲ့တစ်ယောက် မောင်းနင်းလေးတွေကလည်းရှိသေးတာ အိုက်တင်လေးတွေကလည်းရှိသေးတာ အမူအရာနဲ့ လုပ်ရတာ ဒီနှစ်ယောက်ကို ဖျောက်လို့မရဘူး။ ဖျောက်လို့မရတဲ့ အရုပ်ရှိတယ်၊ ဖျောက်လို့ရတဲ့အရုပ်ရှိတယ်။ အဲဒီလို ဟုတ်လား အခုဟာကတော့ ဖျောက်ရမယ့်ကြေးရုပ်ကို မဖျောက်ဘဲနဲ့လုပ်တော့ ပရိသတ်ကကြိုသိလို့ သိပ်ပြီးတော့ ခုနကလို အားရပါးရ။

**မင်းသားကြီးမြင့်စိုး။** ။ ဟိုးဒင်းပေါ့ဆရာရယ် ဘဝမှာ လုပ်သင့်တာကို မလုပ်ဘဲနဲ့ မလုပ်သင့်တာကို လုပ်မိတာ။

**ကြည်စိုးထွန်း။** ။ ဒါလေးကတော့ သင်ခန်းစာယူစရာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ဒါလည်းကောင်းပါတယ်၊ ပေးလိုက်တဲ့ plot လေး သိပ်ကောင်းတာပဲနော်။ ဟာ မောင်မြင့်စိုးတို့ကလည်း သူတို့ချစ်ဖေဖေကို တွေ့ပြီ။ ငါတို့ ကြည်း၊ ရေ၊ လေတပ်မတော်သားတွေကလည်း ငါတို့ရဲ့ချစ်ဖေဖေကို တွေ့ပြီဆိုတာကို ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို ပြလိုက်တာကောင်းတယ် plot ကတော့နော်။ ဟုတ်ကဲ့ ဒါပြပုံပြနည်း ပြောတာပေါ့နော်။ ကောင်းပါတယ်ဗျာ အဲဒီဟာလေးကတော့ ဒီအတိုင်းပဲ သိမ်းတာပဲလား။ အဲဒီနောက်ကျတော့ ကျွန်တော်စောစောက ပြောသလို မင်းသားကြီးက ဆရာကောင်းတွေနဲ့ တော်တော်တွေ့တယ်။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း။** ။ နောက်ထပ်တွေ့ရတဲ့ ဆရာက ဦးဉာဏနော်။

**မင်းသားကြီးမြင့်စိုး။** ။ ဦးဉာဏ ဟုတ်ပြီ အဲဒါပြောမယ် ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ပြောပါဦး 'မာယာကြာခြည်'။

**မင်းသားကြီးမြင့်စိုး။** ။ အဲ 'မာယာကြာခြည်'မှာ ဦးဉာဏက ပထမဆုံးက မေရီမြင့်နဲ့ ရိုက်တာဆရာ။ မေရီမြင့်နဲ့ ရိုက်တော့ မေရီမြင့်နဲ့ ကျွန်တော်နဲ့ တွဲဖက်သိပ်ညီတယ်။ သုံးကားရှိပြီ မေရီမြင့်နဲ့။

**ကြည်စိုးထွန်း။** ။ ချောချောလေးနဲ့ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ မက်မဆုံးလေးနဲ့ ဒီမျက်ခုံးလေးက ကလီကလီ မာယာကြာခြည်... သီချင်းလေးက မေရီမြင့်နဲ့ မာယာကြာခြည်က ပိုလိုက်တယ်။ သူ့ဇာတ် plot ကတစ်မျိုး။ မေရီမြင့်က အညာနဲ့အနွဲ့နဲ့၊ ရုပ်ရည်နဲ့၊ သူ့ရဲ့ structure နဲ့ပေါ့ဆရာရယ်။ သူ့ရဲ့အလှအပနဲ့ သူကညို့မှာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်က သူဌေးသား။ အလှအပနဲ့ ညာတော့မှ သူဌေးသားကို သူစွဲလမ်းမှာ။

**ကြည်စိုးထွန်း။** ။ ပါသွားမှာ။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ ဇာတ်လမ်း နဂိုက မူရင်း။

**ကြည်စိုးထွန်း။** ။ ဩော် အဓိက သိပ်အရေးကြီးတာပေါ့နော်။

**မင်းသားကြီးမြင့်စိုး။** ။ အရေးကြီးတာ သို့သော်လည်း 'မာယာကြာခြည်' ရိုက်လို့မှ ကားလေး ပေလေး နည်းနည်းကျတော့မှ မေရီမြင့်က ဆုံးသွားပါလေရော။

**ကြည်စိုးထွန်း။** ။ ဩော် ငယ်ငယ်လေးနဲ့နော် ၂၇ နှစ်လားမသိဘူး။

**မင်းသားကြီးမြင့်စိုး။** ။ အင်း ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အသက်တော်တော်ငယ်တာပဲ။

**မင်းသားကြီးမြင့်စိုး။** ။ မေရီမြင့်ဆုံးသွားတယ်။ မေရီမြင့်ဆုံးသွားတဲ့အတွက် ဇာတ်လမ်းတွေ အကုန်လုံး ပြောင်းပစ်ရတယ်။

**ကြည်စိုးထွန်း။** ။ ဩော် အဲဒီလိုဖြစ်သွားတယ်။

**မင်းသားကြီးမြင့်စိုး။** ။ ကြည်ကြည်ဌေးနဲ့ ပြောင်းရိုက်တယ်။

**ကြည်စိုးထွန်း။** ။ ဩော် ကြည်ကြည်ဌေးကတော့ အဲဒီလို ဟိုဒင်းကျတော့ မေရီမြင့်လောက်တော့ attractive မရှိဘူး သို့သော် အနုပညာမှာ စွယ်စုံရထားတယ်။

**ကြည်စိုးထွန်း။** ။ မှန်ပါတယ် ဒါတော့မှန်ပါတယ်။

**မင်းသားကြီးမြင့်စိုး။** ။ ဆိုတော့ ကြည်ကြည်ဌေးကို ဒါရိုက်တာက သိတယ် ဆရာတို့လိုပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဒါရိုက်တာက ကျွန်တော့်ဆရာပြောဖူးတယ် ဒါရိုက်တာလုပ်တဲ့သူက Actor ရဲ့ အရည်အချင်းကို သိရမယ်ကွတဲ့။

**ကြည်စိုးထွန်း။** ။ သိရမှာပေါ့ သိရမှာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ သိတော့မှအရည်အချင်းကိုဖော်ထုတ်တတ်ရမယ်တဲ့။

**ကြည်စိုးထွန်း။** ။ ဒါပေါ့ ဒါပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော့်ဆရာတွေက ပြောဖူးတယ်၊ ကျွန်တော်အဲဒီမှာ ပညာရတာပေါ့။ ဒါရိုက်တာ ဦးဉာဏက ဟုတ်ပြီတဲ့ ခုနကဆရာပြောတဲ့ ပဒေသာဖလင်း ဦးထွန်းလင်းကို ဇာတ်လမ်းတွေပြောင်းမယ်။ အလှအပ အကအနေနဲ့ ပဒေသာတွေပြောင်းမယ်။

**ကြည်စိုးထွန်း။** ။ ဩော် သူကျွမ်းတဲ့ဟာကို သူကလှည့်ပြီး ထည့်ပေးတာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ကြည်ကြည်ဌေးကို ကချေသည်မ လုပ်လိုက်တယ် ကချေသည်မ စက်သီးပြုတ်ကျမယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဇာတ်လမ်းအရပေါ့နော် ကျွန်တော်က သူဌေးသားဆိုတော့ အဲဒီမှာကြည်ကြည်ဌေးနဲ့ ပြောင်းရိုက်တယ်။

**ကြည်စိုးထွန်း။** ။ ဩော်။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီ 'မာယာကြာခြည်' မှာ ပြောင်းရိုက်တဲ့အတွက် 'မာယာကြာခြည်' က ဆေးရောင်စုံတစ်ပိုင်းလည်း ပါတယ် ဆရာရဲ့။




**ကြည်စိုးထွန်း။** ။ ပါသေးတာလား။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။ အဲဒီမှာ ကြည်ကြည်ဌေးက သူကစက်သီးပေါ်က ပြုတ်ကျပြီးတော့ နောက်ဆုံးကျတော့ ဘုရားမှာဆုံးတာ။ ဘုရားမှာသွားဆုံးတော့။ သူ့ ဒီအနုပညာကရထားတဲ့ငွေလေးနဲ့ သူက စုဆောင်းပြီးတော့ ဘုရားလေးတည်တယ်။ ကျွန်တော်တို့ ဒါပညာလည်းရတာပေါ့ ဆရာရယ်၊ အနုပညာရှင်တွေက ကိုယ်ရတဲ့အခိုက်မှာ ကုသိုလ်ကောင်းမှုကို လုပ်စရာရှိတာ လုပ်ပေါ့ဆရာရယ်။ လုပ်စရာရှိလို့မှ မလုပ်ရင် အချိန်ကျတော့မှ လွန်သွားတော့မှ မလုပ်နိုင်တော့ဘူးပေါ့။

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ကြည်ကြည်ဌေးက သူကလို့ရတဲ့ ပိုက်ဆံလေးနဲ့ စုဆောင်းပြီးတော့ ဘုရားတစ်ဆူတည်ပြီး ကုသိုလ်ကောင်းမှုလုပ်တဲ့အတွက် သူဆေးရုံကဆင်းပြီး မျက်နှာပျက်သွားတာကိုး ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ စက်သီးပေါ်က ကျတဲ့အတွက် မျက်နှာရုပ်ပျက်သွားတယ်။

**ကြည်စိုးထွန်း။** ။ ဒဏ်ရာ ဒဏ်ရာ။

**မင်းသားကြီးမြင့်စိုး။** ။ သူ့ချစ်သူ ကျွန်တော်။ မြင့်စိုးကို မမြင်ချင်တော့ဘူး။ မတန်တော့ဘူးပေါ့ဆရာရယ်။ မတန်တော့ တစ်ခါတည်း သူဆေးရုံကဆင်းတာနဲ့ သူတည်ခဲ့တဲ့ ဘုရားစေတီလေးကိုသွားတယ်။ အဲဒီစေတီမှာ သူကသွားပြီးတော့ သေသွားတယ်။ ကျွန်တော်က ဆေးရုံကိုလိုက်တယ် ဆေးရုံမှာ မမီဘူး။ သွားလိုက်ပြန်လိုက်နဲ့ ကျွန်တော်လည်း အရူးတစ်ပိုင်းဖြစ်သွားတာပေါ့ ဆရာရယ်။ နောက်ဆုံးကျတော့ ကျွန်တော်က ကြည်ကြည်ဌေးကို ပြန်စဉ်းစားတယ်ပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကြည်ကြည်ဌေးသည် အနုပညာအောင်မြင်တဲ့အခါ တုန်းက အများကြီး အလှူတွေ လုပ်ခဲ့တယ်။ ဒါန၊ သီလ၊ ဘာဝနာတွေ ဆောက်တည်ခဲ့တယ်။ လုပ်ခဲ့တဲ့အတွက် သူ့ရဲ့ကုသိုလ်ကောင်းမှုကြောင့် တစ်ခုခုတော့ အဲ နတ်ပြည်နတ်ရွာတော့ ရောက်နေလောက်ပြီ။ ကျွန်တော်စဉ်းစားလိုက်တာ နတ်ပြည်ကို ပြလိုက်တယ်။ နတ်ပြည်မှာ ကြည်ကြည်ဌေးက မင်းသမီး နတ်သမီး သွားဖြစ်နေတဲ့ပုံ။

**ကြည်စိုးထွန်း။** ။ ဩော် ကာလာနဲ့လား။

**မင်းသားကြီးမြင့်စိုး။** ။ အင်း ဇာတ်လမ်းထဲ ကာလာနဲ့။

**ကြည်စိုးထွန်း။** ။ ဩော် ဆေးရောင်စုံ ကျွန်တော်ဒီနေရာ ဖြတ်ပြောရရင်တော့ မင်းသားကြီးရေ ဒီပဒေသာဖလင်းက နေပြီးတော့ ဦးထွန်းလင်းတို့ကလည်း ဘာကျန်နေလဲဆိုတော့ ခုနက ကျွန်တော်ပြောတဲ့ 'နန်းတွင်းအရေးတော်ပုံ'..။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်။

**ကြည်စိုးထွန်း။** ။ သူက ဆေးရောင်စုံလေ။ ဒီအတွက် ကျွန်တော် ထင်တယ် ဒီဇာတ်လမ်းကလည်း အံဝင်တော့။

**မင်းသားကြီးမြင့်စိုး။** ။ အစပေါ့။

**ကြည်စိုးထွန်း။** ။ အင်း ဒီမှာစမ်းတာပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ သူကဂျပန်မှာ သွားဆေးရတာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ စောမူကကျွန်တော့်ကို သူက မိဘပေးစားတဲ့ မင်းသမီးပေါ့လေ။

**ကြည်စိုးထွန်း။** ။ ဩော် စောမူကလည်း ပါသေးတယ်နော်။

**မင်းသားကြီးမြင့်စိုး။** ။ စောမူလည်းပါတယ်။ ဟုတ်ကဲ့စောမူက ပြုစုပေးတဲ့ပုံလေးနဲ့ ကျွန်တော်က ပြန်စဉ်းစားလိုက်တော့ အဲဒီကြည်ကြည်ဌေး နတ်ပြည်ရောက်နေတဲ့ အခန်းလေးနဲ့ ဇာတ်သိမ်းတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဆေးရောင်စုံပေါ့ ဆရာရယ် အဲဒီကားက ပိုက်ဆံ အတော်ရတယ်။

**ကြည်စိုးထွန်း။** ။ ဩော် သိပ်လှမှာနော်။

**မင်းသားကြီးမြင့်စိုး။** ။ ဒီ 2nd တန်း၊ 3rd တန်း၊ 4th တန်းဟာ ရုံတိုင်း ရုံတိုင်းမှာ။

**ကြည်စိုးထွန်း။** ။ စောမူလေးကလည်း ချစ်စရာလေးနော်။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်ဆရာ ပြောပြဦးမယ်ဆရာ တစ်လောတုန်းက ကျွန်တော် မအူပင်နယ်ဘက်မှာ ရွာတွေမှာ ဟောပြောပွဲသွားတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ သွားတော့ အဲဒီကပုဂ္ဂိုလ်တွေက 'မာယာကြာခြည်' ထဲက မြင့်စိုးဟုတ်လား ဟုတ်ပါတယ်ဆိုတော့ ဟိုတုန်းက ကျွန်တော်က စတိုင်ကျကျနဲ့ ဂျာကင်ကြီးတွေ လှလှပပ ဝတ်တာပေါ့၊ ကျားခေါင်းတွေ ဘာတွေနဲ့ ဝတ်တာပေါ့။ ဝတ်တော့ အဲဒီ 'မာယာကြာခြည်' ထဲက ဇာတ်လမ်းလေး အဖြစ်အပျက်လေး ပြောပါဦးတဲ့။

**ကြည်စိုးထွန်း။** ။ ဩော်

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ အဘိုးကြီးတစ်ယောက်ကနေပြီးတော့ ပုတီးစိပ်တယ် ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ပုတီးတစ်လုံးဒေါက်ခနဲကျ အပျိုမြင်ရင် ငေါက်ခနဲဆိုတော့ အဲဒီဥစ္စာလေး ပြောပါဦးပေါ့ သူတို့က။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်ပြောချင်တာက တခြားတွေ။ သူတို့ကတော့ ရုပ်ရှင်ရိုက်တဲ့ အတွေ့အကြုံလေးတွေကို ပြန်ပြောစေချင်တယ်။ အဲဒီ 'မာယာကြာခြည်' ကို မမေ့ကြဘူး သူတို့။

**ကြည်စိုးထွန်း။** ။ အဲဒါပြီးတဲ့နောက်ကျတော့ 'မေသရဖူ'။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ဟုတ်လား 'မေသရဖူ' လား။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ် အဲဒီမှာ ပဒေသာဖလင်းက သဘောကျပြီးတော့ ကျွန်တော်ဆက်တိုက်ကားတွေ ရိုက်သွားတယ်။ 'မေသရဖူ' မှာတော့ မေရီမြကို ဦးတည်ပြီးတော့ 'မေသရဖူ' အမျိုးသမီး စွမ်းဆောင်နိုင်တယ်ဆိုတဲ့အကြောင်းပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ အမျိုးသမီးက တစ်ခါတည်း။

**ကြည်စိုးထွန်း။** ။ ဦးဉာဏက အဲဒီ idea တွေ သိပ်ကောင်းတယ်။

**မင်းသားကြီးမြင့်စိုး။** ။ လောကကြီးမှာ အမျိုးသမီးက စွမ်းဆောင်နိုင်တာတွေ ရှိပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး။** ။ သူက သူ့ရဲ့ဇနီး မေရီမြကို တင်ပြီးရိုက်တယ်။

**ကြည်စိုးထွန်း။** ။ အမျိုးသမီးတွေရဲ့ စွမ်းဆောင်နိုင်မှုကို ဦးစားပေးပြီးတော့ ရိုက်တဲ့ ဦးဉာဏရဲ့ idea တွေပေါ့နော်။

**မင်းသားကြီးမြင့်စိုး။** ။ ဦးဉာဏ သိပ်ကောင်းတာပဲ။

**ကြည်စိုးထွန်း။** ။ ဟာ သိပ်ကောင်းတာ တကယ့်ကို ဘယ်လိုခေါ်မလဲ ခေတ်မီနေတာပဲ။ ဒီနေ့အထိ ခေတ်မီတယ် ဦးဉာဏရဲ့...

**မင်းသားကြီးမြင့်စိုး။** ။ ဟာ သိပ်မီတယ် အတွေးအခေါ်သိပ်ကောင်းတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီအထဲမှာ ဂျင်းဖောမယ်တို့၊ ယုဝတီ၊ ဂျင်းဖောမယ်တို့၊ မေနန်းနွယ်တို့ ပါသေးတယ်နော်။

**မင်းသားကြီးမြင့်စိုး။** ။ မေနန်းနွယ်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ မင်းသမီးအသစ်တွေပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ် အဲဒီ 'မေသရဖူ' ရိုက်ပြီးတော့ အတွေ့အကြုံ ဆရာ့ကို သတိရတုန်း ပြောပြဦးမယ်။ 'မှောင်ထဲကမေ' ဆိုတာ ရိုက်တယ်။

(ဆက်လက်ဖော်ပြပါမည်)



## မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် စက်တင်ဘာ ၂**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် မော်လမြိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ တွေ့ရှိသည့် မုပွန်ရပ်ကွက်၊ စစ်ကဲကုန်းရပ်ကွက်များအား အသွားအလာကန့်သက်ကာ နေအိမ်တွင် နေထိုင်ရေး၊ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ဆိုင်ထိုင်ရောင်းချခြင်း မပြုလုပ်ကြဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချနိုင်ရေး၊ မွန်ပြည်နယ် အစိုးရရုံး၊ ဝန်ကြီးများအိမ်ရာ၊ အစိုးရရုံးနှင့် ဆက်စပ်နေသော ဝန်ထမ်းအိမ်ရာများ၌ ညှော့သည်သွားလာမှုကန့်သတ်ထားရေး၊ ဘူတာရုံများ၊ ကားဂိတ်များအား သက်ဆိုင်ရာမြို့နယ်အလိုက်စစ်ဆေးသွားနိုင်ရေး၊ ဟိုတယ်အသွားအလာ ကန့်သတ်ထားရှိနိုင်ရေးနှင့် အိမ်အပြင်ထွက်တိုင်း နှာခေါင်းစည်းဝတ်ဆင်ရေးတို့ကို တင်းတင်းကျပ်ကျပ် ကြီးကြပ်ဆောင်ရွက်သွားခြင်းနှင့်ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ပရဟိတအသင်းနှင့် အလှူရှင်များက ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ယနေ့ညနေပိုင်းတွင် ပေးပို့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ဇေယျာမောင်မယ်ပရဟိတအသင်း (စစ်ကိုင်း)မှ ငွေကျပ် ၆၈၄၉၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် ရန်ကုန်မြို့နေ ဒေါ်တင်မေနှင့် သားသမီးများ Star Empire Yangon မိသားစုတို့က ငွေကျပ် ၃၁၅၁၀၀၀ တန်ဖိုးရှိ Bedside Monitor တစ်လုံးတို့အား ပေးပို့လှူဒါန်းကြကြောင်း သိရသည်။


အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ထောက်ပံ့ပစ္စည်းများကို အလှူရှင်များကိုယ်စား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုကပေးအပ်ခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က လက်ခံခဲ့ကြပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂**

စင်ကာပူနိုင်ငံတွင် စာချုပ်သက်တမ်းကျော်လွန်၍ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၂၈ ဦးအား မြန်မာအမျိုးသားလေကြောင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



ထို့ပြင် နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး ရီယာဒ်မြို့၏ အစီအစဉ်ဖြင့် သတ္တမအကြိမ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဆော်ဒီအာရေဗျမှ ၁၁ ဦး၊ ယူအေအီးမှ ၆၇ ဦး၊ အီဂျစ်မှ ၇၆ ဦး၊ ပါကစ္စတန်မှ လေးဦး၊ ဂျာမနီမှ တစ်ဦး၊ အင်္ဂလန်မှ သုံးဦး၊ အစ္စရေးမှ တစ်ဦး၊ ရုရှားမှ တစ်ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၆၄ ဦး လိုက်ပါလာခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၃၃၆၄ ဦးအား ကယ်ဆယ်ရေးလေယာဉ်/ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စူပရင်းသွေးလှူရှင်များမိသားစုက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ် – ၁၉ ရောဂါကာလအတွင်း သွေးလိုအပ်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များ၊ ကင်ဆာရောဂါဝေဒနာရှင်များ၊ အရေးပေါ်နှင့် မဖြစ်မနေ ခွဲစိတ်ကုသမှုဆောင်ရွက်ရမည့် လူနာများအတွက် ရည်ရွယ်၍ စူပရင်းသွေးလှူရှင်များ မိသားစုမှ သွေးလှူရှင် ၁၀၀ က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀) နှင့် ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်(ရန်ကုန်)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့ပြင် စူပရင်းသွေးလှူရှင်များမိသားစုက အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀) သို့ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံများ၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းများနှင့် အမျိုးသား သွေးလှူဘဏ်သို့ ငွေကျပ် သုံးသိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

စူပရင်းသွေးလှူရှင်များမိသားစုအနေဖြင့် စုပေါင်းသွေးလှူဒါန်းမှုများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ယခုအကြိမ် အပါအဝင် (၁၈) ကြိမ်ပြုလုပ်ခဲ့ပြီး သွေးပုလင်းပေါင်း ၃၅၀၀ ကျော်ကို လှူဒါန်းခဲ့ကြောင်း၊ ပရဟိတသွေးလှူရှင်အဖွဲ့အစည်းများ၏ သွေးလှူဒါန်းရန် သွားလာမှုအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ သွေးလှူရှင် ၁၀၀၀ ကျော်ကို အင်အားဖြည့်အစားအစာများ ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထက်လျှံ**





## သီပေါတွင် နှာခေါင်းစည်းဝတ်ဆင်ရေးကမ်ပိန်း ပြုလုပ်

**သီပေါ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေးကမ်ပိန်းကို သီပေါမြို့ ပျံကျဈေးနှင့် ပြည်ထောင်စုလမ်းမကြီး မီးပွိုင့်ထောင့်တို့တွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့ ကမ်ပိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှတ် ၁၂၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ သီပေါယာဉ်ထိန်းရဲတပ်စိတ်မှ တပ်ဖွဲ့ဝင်များက ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို လိုက်နာဆောင်ရွက်သွားနိုင်ရန်အတွက် တစ်ပါတည်း ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ကြက်ခြေနီအသင်းကလည်း ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများအတွင်း အသံချဲ့စက်ဖြင့် လှည့်လည်ဆော်ဩဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သီပေါ(ကိုလတ်)**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ်အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူး ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၀ ကျပ် အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ် မှ ကျပ် ၈၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၈ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၃ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၆ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၈၀ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀ ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၀ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ် မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၄၉ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၄၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၄၉ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ် မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၄၉ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၈ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၉၄၈ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ် မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၄၈ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၅၄၈ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၄၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ် မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၁၄၇ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ် မှ ကျပ် ၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၄၄၇ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ် မှ ကျပ် ၁၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၄၇ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ် မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၄၆ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ် မှ ကျပ် ၁၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၄၆ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ် နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၇ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ် မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၆၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ် မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၁၅ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၉၁ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ် မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၆၆ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၂၉ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၈၀ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၃၁ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၈၂ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ် မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၀၈ ကျပ် |

(ဆက်လက်ဖော်ပြပါမည်)

# အာဖဂန်နစ္စတန်နိုင်ငံက တာလီဘန်အကျဉ်းသားများ ပြန်လည်လွှတ်ပေးမှုစတင်

**ကဘူး စက်တင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံသည် တာလီဘန်အကျဉ်းသားရာနှင့်ချီ လွှတ်ပေးမှုကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ တာလီဘန်တို့က အာဖဂန်အထူးတပ်ဖွဲ့ ဝင်လေးဦးကို လွှတ်ပေးခဲ့သည့် ဩဂုတ် ၃၁ ရက် မှစတင်ကာ အာဖဂန်နစ္စတန်အာဏာပိုင်အဖွဲ့ကလည်း တာလီဘန် အကျဉ်းသား ၂၀၀ ကို ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တာလီဘန် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ တာလီဘန်အကျဉ်းသားများ ပြန်လည်လွှတ်ပေးမှုသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ၁၉ နှစ်ကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအား အဆုံးသတ်စေမည့် ညှိနှိုင်းဆွေးနွေးမှုများ၏ ကနဦးခြေလှမ်းလည်းဖြစ်သည်။ အကျဉ်းသားများအားလုံး လွှတ်ပေးပြီးနောက် ရက်ပိုင်းအတွင်း အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကို ကာတာနိုင်ငံ၌ စတင်ကျင်းပရန်လည်း မျှော်လင့်ထားကြသည်။

အာဖဂန်နစ္စတန်သမ္မတဟောင်း ဟာမစ်ကာဇိုင်းကလည်း တာလီဘန်အကျဉ်းသားများလွှတ်ပေးမှု ပြန်လည်စတင်ခဲ့ခြင်းကို ချီးကျူးစကားဆိုခဲ့ပြီး ယင်းသို့လုပ်ဆောင်ခြင်းသည် အာဖဂန်နစ္စတန်နိုင်ငံ၌ ရှေ့ဆက်သွားမည့်ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သော ခြေလှမ်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

တာလီဘန်အကျဉ်းသားများ ပြန်လည်လွှတ်ပေးမှုသည် ဖေဖော်ဝါရီလအတွင်းက အမေရိကန်နှင့် တာလီဘန်တို့အကြား ရရှိခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်ကို ဖော်ဆောင်ခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် လမ်းဖွင့်ပေးခြင်းလည်း ဖြစ်သည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်**





## အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်ဝန်ကြီးချုပ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်ဝန်ကြီးချုပ် ပရာမော့ဆာဝမ့်တွင် ယနေ့ ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ခြင်းကြောင့် ဗိုင်းရပ်စ်လက္ခဏာမပြသသော်လည်း နေအိမ်၌ သီးခြားခွဲနေမည်ဟု သိရသည်။

"ကျွန်တော့်မှာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့တယ်လို့ အကြောင်းကြားလိုပါတယ်။ ဗိုင်းရပ်စ်လက္ခဏာ မပြသပေမယ့် နေအိမ်မှာ သီးသန့်ခွဲနေမှာပါ။ နေအိမ်ကနေ တာဝန်ထမ်းဆောင်မှာဖြစ်ပြီး ကျွန်တော်နဲ့ ထိတွေ့ခဲ့သူအားလုံး ကြိုတင်ကာကွယ်မှုလုပ်ဆောင်ဖို့ အကြံပြုလိုပါတယ်" ဟု ပရာမော့က တွစ်တာ၌ ရေးသားခဲ့သည်။ ဂိုအာပြည်နယ်တွင် ယမန်နေ့က လူပေါင်း ၅၈၈ ဦးတွင် ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ရာ တစ်ရက်အတွင်း အမြင့်ဆုံးကူးစက်မှုဖြစ်လာခဲ့ကြောင်း သိရသည်။

ဂိုအာပြည်နယ်၌ လက်ရှိအချိန်တွင် ကူးစက်လူနာ ၁၈၀၀၆ ဦး၊ ပိုးကင်းစင်၍ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၃၅၇၇ ဦးနှင့် သေဆုံးသူ ၁၉၄ ဦး ရှိလာခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အိန္ဒိယနိုင်ငံ၌ ယနေ့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၈၃၅၇ ဦးနှင့် သေဆုံးသူ ၁၀၄၅ ဦး ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃ ဒသမ ၇ သန်းကျော်၊ ပိုးကင်းစင်သွားသူ ၂ ဒသမ ၉ သန်းကျော်နှင့် သေဆုံးသူ ၆၆၃၃၃ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂရိနိုင်ငံ၏ အကြီးဆုံး ဒုက္ခသည်စခန်း၌ ကိုဗစ်-၁၉ ရောဂါ ပထမဆုံးအကြိမ် တွေ့ရှိ

**အေသင် စက်တင်ဘာ ၂**

ဂရိနိုင်ငံ၏ အကြီးဆုံးဒုက္ခသည်စခန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဂရိအာဏာပိုင်များက ယနေ့ပြောကြားခဲ့သည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူသည် အသက် ၄၀ အရွယ် ဆိုမာလီယာနိုင်ငံသားတစ်ဦးဖြစ်ပြီး လီစ်ဘိုစ်ကျွန်းပေါ်ရှိ မိုရီယာဒုက္ခသည်စခန်းတွင် နေထိုင်သူတစ်ဦးဖြစ်သည်။

၎င်းထံတွင် ဗိုင်းရပ်စ်ကူးစက်မှု စတင်တွေ့ရှိခဲ့သည့် အချိန်မှစပြီး ၎င်းနေထိုင်ရာ ဒုက္ခသည်စခန်းကို အသွားအလာကန့်သတ်ချက်များ စတင်လုပ်ဆောင်ထားလျက်ရှိကြောင်း ဂရိရွှေ့ပြောင်းလုပ်သားနှင့် နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဆိုမာလီယာနိုင်ငံသားသည် ဂရိနိုင်ငံ လီစ်ဘိုစ်ဒုက္ခသည်စခန်းတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ပြီးနောက် လီစ်ဘိုစ်ကျွန်းမှ ဇူလိုင် ၁၇ ရက်တွင် ပြန်လည်ထွက်ခွာသွားခဲ့သည်။ သို့သော် မကြာမီအချိန်တွင် လီစ်ဘိုစ်ကျွန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိကြောင်း သိရသည်။

လီစ်ဘိုစ်ကျွန်းပေါ်ရှိ မိုရီယာဒုက္ခသည်စခန်းကို ဒုက္ခသည် ၂၇၅၇ ဦးနေထိုင်ရန် တည်ဆောက်ထားခဲ့သော်လည်း ယခုအချိန်တွင် ဒုက္ခသည် ၁၂၇၁၄ ဦးသာနေထိုင်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂရိနိုင်ငံရှိ အေဂျီယန်ကျွန်းစု ဒုက္ခသည်စခန်းများ၌ ရွှေ့ပြောင်းဒုက္ခသည် ၂၇၅၇၆ ဦးရှိပြီး ဂရိနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံထားသူ တစ်သိန်းခန့်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်မှ စတင်ကာ ဒုက္ခသည် တစ်သန်းကျော်သည် ဂရိနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့အနက် ထက်ဝက်ခန့်သည် လီစ်ဘိုစ်ကျွန်းဒုက္ခသည်စခန်းတွင် နေထိုင်လျက်ရှိပြီး ကျန်ဒုက္ခသည်များသည် ဥရောပနိုင်ငံများသို့ သွားရောက်နေထိုင်လျက်ရှိကြသည်။

ဂရိနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၅၂၄ ဦးရှိပြီး သေဆုံးသူ ၂၇၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၅ ဦး တွေ့ရှိပြီး ၁၁၁ ဦး ထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၂**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၅ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၀၆၄၆ ဦး ရှိလာသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာအတွင်း ၁၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၆၁၆ ဦး ရှိလာခဲ့ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၁၉၁၄ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၂၉၉၇၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက် ပျံ့နှံ့သွားကြောင်း အထူးသဖြင့် ဂျကာတာ၌ ၁၀၅၄ ဦး၊ အရှေ့ဂျာဗား၌ ၃၈၅ ဦး၊ အလယ်ဂျာဗား၌ ၂၆၄ ဦး၊ အနောက်ဂျာဗား၌ ၂၀၃ ဦးနှင့် မြောက်ဆူမားတြား၌ ၁၈၂ ဦး စသည့်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံခဲ့ရကြောင်း သိရသည်။

သို့သော် ဘန်ကာဘယ်လီတုန်၊ အလယ်ကာလီမန်တန်နှင့် အနောက်ဆူလာဝေဆီ စသည့် ပြည်နယ်နှင့် ဒေသလေးခုတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်စုံတစ်ဦးမျှ မရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အာဖရိက၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၁ ဒသမ ၂၅ သန်းအထိရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၂**

အာဖရိက၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၁၂၅၂၅၂ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉၈၃၃ ဦးအထိရှိလာခဲ့ကြောင်း အာဖရိက ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

**စုစုပေါင်း ၇၀ ရာခိုင်နှုန်း**

အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် တောင်အာဖရိက၊ အီဂျစ်၊ မော်ရိုကို၊ နိုင်ဂျီးရီးယားနှင့် အီသီယိုးပီးယားနိုင်ငံ စသည့် အာဖရိက ငါးနိုင်ငံတို့မှဖြစ်ကြောင်း အာဖရိက ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၉၈၅၈၀၃ ဦးရှိကြောင်းလည်း ယင်းဌာနက ပြောကြားခဲ့သည်။ တောင်အာဖရိကနိုင်ငံသည် အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းရှိပြီး ၎င်းနောက်တွင် အီဂျစ်နိုင်ငံက ရှစ်ရာခိုင်နှုန်းဖြင့် ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

တောင်အာဖရိကနိုင်ငံသည် စက်တင်ဘာ ၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၇၀၄၁ ဦးရှိကြောင်းနှင့် သေဆုံးသူအရေအတွက် ၁၄၁၄၉ ဦးရှိကြောင်း အာဖရိကကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကပ်ရောဂါအရေး ကိုင်တွယ်မှုကြောင့် မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင်အပေါ် လူထုထောက်ခံမှု မြင့်တက်



**ကွာလာလမ်ပူ စက်တင်ဘာ ၂**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအရေး ကိုင်တွယ်မှုနှင့်ပတ်သက်၍ မလေးရှားနိုင်ငံသား ၁၀ ဦးလျှင် ခုနစ်ဦးက ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်အား ထောက်ခံမှုပေးကြောင်း စစ်တမ်းတစ်ရပ်အရ သိရသည်။

ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၀ ရက်အထိ မဲဆန္ဒရှင် ၃၄၁၅ ဦးထံမှ ကောက်ခံရရှိခဲ့သည့် စစ်တမ်းတစ်ရပ်အရ ၆၉ ရာခိုင်နှုန်းက ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်၏ခေါင်းဆောင်မှုကို ထောက်ခံခဲ့ကြောင်း စစ်တမ်းကောက်ယူသည့် မာဒေးကားစင်တာက ယနေ့ ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်တစ်ဦး လူထုထောက်ခံမှု အမြင့်ဆုံးရရှိခဲ့ချိန်မှာ ၂၀၁၈ ခုနှစ် မေလရွေးကောက်ပွဲ၌ မမျှော်လင့်ဘဲ အနိုင်ရရှိခဲ့သည့် မဟာသီယာမိုဟာမက်၏ ပထမရက် ၁၀၀ ကာလဖြစ်ခဲ့သည်။

မဲဆန္ဒပြုသူများ၏ ၉၃ ရာခိုင်နှုန်းက ကိုဗစ်-၁၉ ကပ်ရောဂါအရေး စီမံခန့်ခွဲရာတွင် လက်ရှိ မလေးရှားအစိုးရ၏ စွမ်းဆောင်မှု၊ ၆၈ ရာခိုင်နှုန်းက လိုအပ်သူများကို ကူညီမှုနှင့် ၆၁ ရာခိုင်နှုန်းက စီးပွားရေးဆောင်ရွက်မှုအတွက် စိတ်ကျေနပ်သည်ဟု ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က မလေးရှားလူမျိုးများ၊ အခြား၌ာနေမျိုးနွယ်စုများ၏ ထောက်ခံမှုရရှိခဲ့ပြီး အခြားမျိုးနွယ်စုများနှင့်နှိုင်းယှဉ်လျှင် လူ ၁၀ ဦးလျှင် ကိုးဦးက သူ့အား ထောက်ခံခဲ့သည်။ တရုတ်လူမျိုးများ၏ သုံးပုံတစ်ပုံကသာ မလေးရှားအစိုးရကိုဦးဆောင်သည့် ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်ကို ထောက်ခံခဲ့သည်။

“ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် အပြုသဘောဆောင်တဲ့ စီမံခန့်ခွဲမှု၊ ဗိုင်းရပ်စ်ဘေးသင့် ဝင်ငွေနည်းအိမ်ထောင်စုတွေကို မြန်မြန်ဆန်ဆန် ငွေကြေးထောက်ပံ့မှုအပြင် အချင်းချင်းပြိုင်ဆိုင်နေတဲ့ မလေးရှားနိုင်ငံရေးပါတီတွေက ထောက်ခံခဲ့တာကြောင့်ဖြစ်ပါတယ်” ဟု မာဒေးကားစင်တာအကြီးအကဲ အီဘရာဟင်ဆက်ဖိန်းက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

ကိုးကား-သည်စထရိတ်တိုင်းမ်

ဘာသာပြန်-ကျော်ထိုက်စိုး

# ကိုရီးယားကျွန်းဆွယ်အရေး တောင်ကိုရီးယားနှင့် အမေရိကန် အထူးသံတမန်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ဆိုးလ် စက်တင်ဘာ ၂**

ကိုရီးယားကျွန်းဆွယ် အရေးနှင့်ပတ်သက်၍ ကိုရီးယားကျွန်းဆွယ်ဆိုင်ရာ တောင်ကိုရီးယားနှင့် အမေရိကန် အထူးသံတမန်တို့သည် တယ်လီဖုန်းဖြင့် ယနေ့ ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားနိုင်ငံ၏ အထူးကိုယ်စားလှယ် လီဒိုဟွန်းသည် ကိုရီးယားကျွန်းဆွယ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်ညှိနှိုင်းရေးအကြီးအကဲအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်သူ စတီဗင်ဘီဂန်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။




လီဒိုဟွန်းနှင့် ဘီဂန်တို့ ၂၀၁၉ ခုနှစ်အတွင်းက ဆိုးလ်မြို့၌ ကိုရီးယားကျွန်းဆွယ်အရေး ဆွေးနွေးစဉ်။

လီဒိုဟွန်းနှင့် ဘီဂန်တို့သည် မကြာသေးမီက ကိုရီးယားကျွန်းဆွယ် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ကိုရီးယားကျွန်းဆွယ်တစ်ခုလုံး နျူကလီးယားကင်းစင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ထိရောက်သော တိုးတက်မှု လုပ်ဆောင်နိုင်ရန်အလို့ငှာ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအကြားနှင့် အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ဆွေးနွေးမှု မြန်မြန်ပြန်စရန် လိုအပ်မှုအပေါ် သဘောတူခဲ့ကြကြောင်း သိရသည်။ ထို့အပြင် နှစ်နိုင်ငံ အထူးကိုယ်စားလှယ်များသည် ကိုရီးယားကျွန်းဆွယ်တစ်ခုလုံး၌ နျူကလီးယားကင်းစင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရမည့် နည်းလမ်းများနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံကိုယ်စားလှယ်များသည် မြောက်ကိုရီးယားကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံအားဖြင့် သော်လည်းကောင်း၊ နိုင်ငံစုံအားဖြင့်သော်လည်းကောင်း ပို၍ နီးနီးကပ်ကပ် ဆက်သွယ်ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူခဲ့ကြသည်။

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုအကြား ဆွေးနွေးမှုသည် ယမန်နှစ် ဖေဖော်ဝါရီလကုန်ပိုင်းက ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ ကျင်းပသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့၏ ဆွေးနွေးမှုစသည့် အသီးအပွင့်မရှိဘဲ အဆုံးသတ်ခဲ့ပြီးနောက် ရပ်တန့်သွားခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး-၁ ချိုင်ဂျောင်ကွန်လည်း ဘီဂန်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး တွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

# ထိုင်းနိုင်ငံ၌ ရက် ၁၀၀ ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု မရှိ

**ဗန်ကောက် စက်တင်ဘာ ၂**

ထိုင်းနိုင်ငံက ရက် ၁၀၀ ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုမရှိဟု ထုတ်ပြန်ခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှု ကင်းစင်သလောက်ဖြစ်နေသည့် နယူးဇီလန်ကဲ့သို့သော နိုင်ငံများစာရင်း ဝင်လာခဲ့ပြီဖြစ်သည်။

ထိုင်းနိုင်ငံ၌ မေ ၂၆ ရက်နောက်ပိုင်း ကိုရိုနာဗိုင်းရပ်စ် ပြည်တွင်းကူးစက်မှုမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ ထိုင်းအာဏာပိုင်များက နယ်စပ်ဒေသများရှိ ကမ္ဘာလှည့်ခရီးသွားနေရာများသို့ ရောက်ရှိလာသော ခရီးသွားများအကြား ဗိုင်းရပ်စ်ကူးစက်မှုများ ရှာဖွေနေဆဲဖြစ်သော်လည်း အဆိုပါပုဂ္ဂိုလ်များကို သီးခြားခွဲထားကာ ရောဂါကင်းစင်လျှင် လူ့အသိုင်းအဝိုင်းအကြား ပြန်လည်သွားရောက်ခွင့်ပြုခဲ့သည်။ တရုတ်(တိုင်ပေ)နှင့် နယူးဇီလန်ကဲ့သို့ ရက် ၁၀၀ ဆက်တိုက် ပြည်တွင်းကူးစက်မှုမရှိသည့်နိုင်ငံတစ်ခု ထပ်မံရှိလာခဲ့ပြီဖြစ်သည်။ ထိုင်းနိုင်ငံ၏အောင်မြင်မှုသည် လပေါင်းများစွာကြာ နိုင်ငံခြားသားများကို ဝင်ရောက်ခွင့်ပိတ်ထားခဲ့သည့် တင်းကျပ်သော ကန့်သတ်ချက်များကြောင့်ဖြစ်သည်။

တင်းကျပ်သော ကန့်သတ်ချက်များကြောင့် လှပသောကမ်းခြေများ၊ ယဉ်ကျေးမှုနယ်မြေများရှိရာ ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းအပေါ် မှီခိုအားထားမှုအရှိဆုံး တိုင်းပြည်များအနက် တစ်ခုဖြစ်သည့် ထိုင်းနိုင်ငံအတွက် ကြီးမားသောထိခိုက်မှုရှိခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါမဖြစ်ပွားမီက နိုင်ငံ့ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းရှိသော ခရီးသွားလုပ်ငန်းကဏ္ဍကို ကယ်တင်ရန် နယ်စပ်ဂိတ်များ ဖွင့်လှစ်ရေး စီးပွားရေးလုပ်ငန်းများက ဖိအားပေးမှုအချို့ရှိခဲ့သည်။ ထိုင်းအစိုးရက ဆောင်းရာသီမရောက်မီ ကမ္ဘာလှည့်ခရီးသွားများ ပြန်လည်လာရောက်ခွင့်ပြုရန် မူအားဖြင့် သဘောတူခဲ့သော်လည်း ဘေးအန္တရာယ်ကင်းရေးနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ဆိုသည်ကို အသေးစိတ် ထုတ်ပြန်ခြင်းမရှိသေးပေ။

“ကျွန်တော်တို့ ဒီရောဂါကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုချိန်မှာ စီးပွားရေးအပေါ် အလေးထားရမယ့်အချိန် ရောက်လာပါပြီ။ နယ်စပ်ဂိတ်တွေကို ကြာကြာပိတ်လေ ထိခိုက်နစ်နာမှုများလေ ဖြစ်ပါတယ်” ဟု ဗန်ကောက်မြို့ရှိ အယုဒ္ဓယဘဏ်မှ စီးပွားရေးပညာရှင် ဆွမ်ပရာဝင်မန်ပရာဆတ်က ပြောသည်။

ကိုးကား-ဘလွန်းဘာဂ့်

ဘာသာပြန်-ကျော်ထိုက်စိုး

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၃၅၇ ဦး စံချိန်တင်တွေ့ရှိပြီး ၁၀၄၅ ဦး ထပ်မံသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၃၅၇ ဦး စံချိန်တင်တွေ့ရှိခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၆၉၅၂၃ ဦးရှိလာသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၁၀၄၅ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၆၃၃၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

သို့သော် အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၂၉၀၁၉၀၈ ဦးကို အောင်မြင်စွာ ဆေးဝါးကုသပေးခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းလာပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိ သေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူအားလုံး၏ ၁ ဒသမ ၇၆ ရာခိုင်နှုန်းခန့်ရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် လူနာ ၈၀၁၂၈၂ ဦးသာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိရာ နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အားလုံးနှင့်နှိုင်းယှဉ်ပါက ၂၁ ဒသမ ၂၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက်မှာ ဩဂုတ် ၇ ရက်က နှစ်သန်းရှိပြီး ဩဂုတ် ၂၃ ရက်တွင် သုံးသန်းအထိ ရှိလာကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် စက်တင်ဘာ ၁ ရက်က လူဦးရေ ၁၀၁၂၃၆၇ ဦးတို့၏ သွေးနမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၄၄၃၃၇၂၀၀ ဦးတို့၏ သွေးနမူနာကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုးကား - ပီတီအိုင်

ဘာသာပြန် - ဂျေတီ



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | ၂၅၉၅၇၃၅၈ ဦး |
| သေဆုံးသူ | ၈၆၂၁၇၄ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၈၂၄၀၈၃၂ ဦး |

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ဂျန်မာခါး(ခ)လောက်ပ(ခ)တင်ဦး၊ ဖြိုးအောင်(ခ)ပြည့်ဖြိုးတို့အား သိမ်းဆည်းရမိသည့် ဟိုက်ဒရိုကလိုရစ်အက်ဆစ်များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကရင်စုလမ်းနေ ဦးအောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီတွင် ပင်လည်ဘူး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ပင်းကြိုင်း ကျေးရွာအုပ်စု ပင်လောင်ကျေးရွာ ဘုရားအနီးတွင် ခင်မောင်ချို(ခ)ဖိုးချို မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာနေ အိုက်ပေ့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ ကို လည်းကောင်း။

အလားတူ ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းကိုင်မြို့နယ် မိုင်းကိုင်- လဲချားသွားကားလမ်း မိုင်တိုင်အမှတ်(၄၉) အနီးတွင် စစ်ဆေးရေးဆောင်ရွက်နေစဉ် ပြည့်ဖြိုး(ခ)ဖြိုးအောင် မောင်းနှင်လာသော ၁၂ဘီးယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ ဟိုက်ဒရိုကလိုရစ်အက်ဆစ် လီတာ ၁၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းကိုင်မြို့နယ် လွယ်ရှိုးကျေးရွာအနီးတွင် ဂျန်မာခါး(ခ)လောက်ပ(ခ) တင်ဦးအား Pajero အမျိုးအစားမော်တော်ယာဉ် တစ်စီး၊ KBZ ATM ကတ် တစ်ခု၊ မြန်မာငွေကျပ် ၁၁၃၅၈၀၀၀၊ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယမန်နေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှာငံမြို့နယ် ကျောက်ဂူပြင် ကျေးရွာ ရွှာငံ-ကျောက်ဆည်သွား ကားလမ်းတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၉ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် သတင်းပေးပို့ချက်အရ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက် အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ်၊ ပြင်တဲကြိုးဝိုင်းအကွက်အမှတ်(၃)အတွင်း နေရာများမှ တရားမဝင်ကျွန်းသစ်/ခွဲသား ၁၂ တန်၊ မင်းကင်းမြို့နယ် ချင်းတွင်းမြစ်အတွင်းနှင့် ချင်းတွင်းမြစ်ဘေးမှ တရားမဝင်ကျွန်း/ အင်/သတီ/သပြေ/ ထောက်ကြံ့၊ ကညင်သစ်၊ လုံးပတ် သုံးပေအောက် ပျဉ်းကတိုး/ သစ်ရာ/ အင်သစ်များ စုစုပေါင်း တရားမဝင်သစ် ၃၄ တန်၊ သစ်စက်အင်ဂျင် နှစ်လုံးနှင့် တာယာဘီးတပ်လှည်း နှစ်စီး၊ ကလေးဝမြို့နယ် မြို့မကျေးရွာနှင့် မှန်ကုန်းကျေးရွာအနီးမှ တရားမဝင်အင်ခွဲသား ၁၄ တန်၊ မံစီမြို့နယ် ဟန်ထက်-မံကျေးရွာသွားလမ်းဘေးတွင် စူပါကာစတန်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား တစ်တန်အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ရေစကြိုမြို့နယ် အမှတ်(၆) ရပ်ကွက် ဦးငွေးမြိုင်ပိုင် အိမ်ခြံဝင်း အတွင်းမှ တရားမဝင်သစ်စက်တစ်လုံးနှင့် တရားမဝင်သစ်မျိုးစုံ တန် ၅၀ ခန့် နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ရေဖြူမြို့နယ် မလွဲတောင် စုပေါင်းစစ်ဆေးရေး စခန်းက ခြောက်ဘီးယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်ပိတောက်သစ်ခွဲသား ၁၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက် လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# စဉ့်ကူးမြို့နယ်၌ ခိုးမှုကျူးလွန်သူအား ဖမ်းဆီးရမိ

**စဉ့်ကူး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ယမန်နေ့က နေအိမ်အတွင်း ဝင်ရောက်၍ ငွေကျပ်သိန်း ၃၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ကျောက်မျိုးစုံရောရာ ကာလတန်ဖိုးငွေကျပ်သိန်း ၈၀ ခန့်တို့ကို ခိုးယူသွားသူအား ဖော်ထုတ်ဖမ်းဆီး ရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာနေ ဒေါ်မာမာလင်း သည် ယမန်နေ့ နံနက် ၇ နာရီက နေအိမ်အောက်ထပ် ဧည့်ခန်းဆက်တီ ခုံပေါ်တွင် အိပ်ပျော်နေရာမှ နိုးလာစဉ် စားပွဲခုံပေါ်တွင်တင်ထားသော ငွေကျပ် သိန်း ၃၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ကျောက်မျိုးစုံရောရာ ကာလတန်ဖိုး ငွေကျပ် သိန်း ၈၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် တရားခံအား စုံစမ်း ဖော်ထုတ်အရေးယူပေးရန် တိုင်တန်းချက်အရ လက်ပန်လှနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ် ကွပ်ကဲမှုဖြင့် နယ်မြေအတွင်း သတင်းရယူစုံစမ်းခဲ့ရာ ည ၁၁ နာရီခွဲတွင် ကျည်တောက်ပေါက် ကျေးရွာမြောက်ဘက် အမှတ်(၈)ရပ်ကွက်ရှိ သံတံတားအနီး လူမနေသည့်တဲတွင် ဆိုင်ကယ်အား ကားလမ်းဘေးတွင် ရပ်ထားပြီး မသင်္ကာဖွယ်လူတစ်ဦးမှာ တဲပေါ်တွင်အိပ်နေကြောင်း သတင်းရရှိ၍ သွားရောက်စစ်ဆေးရာ လက်ပန်လှကျေးရွာနေ နိုင်းနိုင်း(ခ)ငနိုင်(ခ)ပလောက်တောက်ဖြစ်ပြီး ၎င်းနှင့်အတူပါရှိသည့် အမျိုးသမီးသုံး သားရေအိတ်ကို ရှာဖွေရာ အဆိုပါအိတ်အတွင်းမှ ဒေါ်မာမာလင်း ပျောက်ဆုံးသွားသည့် သက်သေခံပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်းနိုင်း(ခ) ငနိုင် (ခ)ပလောက်တောက်အား အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၄၀၊ သွင်းကုန် ၃၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်သုည ဒသမ ၁၂၁ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် M-150(1x50) (11 Pkgs) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
**၆၆**
ရက်သာ
လိုတော့သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

# မန္တလေးတိုင်းဒေသကြီး၌ ပထမအကြိမ် မဲစာရင်း ကြေညာအပြီး ပုံစံ-၃ ဖြင့် တောင်းဆိုသူများပြားခြင်းကြောင့် မဲဆန္ဒရှင်ဦးရေ တစ်သိန်းကျော် ပိုမိုတိုးတက်လာ

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကပ်ထားကြေညာပေးခဲ့သည့် မဲစာရင်းများတွင် ပုံစံ-၃ ဖြင့် အမည်စာရင်း ဖြည့်စွက်ရန် တောင်းဆိုသူများပြားခဲ့ခြင်းကြောင့် လက်ရှိမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ဦးရေမှာ တစ်သိန်းကျော် ပိုမိုတိုးတက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။



**မဲရုံပေါင်း ၅၄၄၆ ရုံ တိုးချဲ့ဖွင့်လှစ်ရန် လျာထား**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၄၅၇၈၈၁၃ ဦး၏ အမည်စာရင်းကို ပထမအကြိမ်အဖြစ် ၂၁ ရက်ကြာ ကပ်ထားကြေညာခဲ့ရာတွင် လာရောက်ကြည့်ရှုသူ ၁၄၃၉၄၁၆ ဦးအနက် ပုံစံ-၃ ဖြင့် တောင်းဆိုသူ ၁၄၆၆၁၃ ဦး၊ ပုံစံ-၄ ဖြင့် ကန့်ကွက်သူ ၃၄၈၉၈ ဦး၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်သူ ၆၈၂၃၂ ဦး စုစုပေါင်း ၂၄၉၇၄၃ ဦးရှိခဲ့ပြီး ပုံစံ-၃ ဖြင့် လျှောက်ထားတောင်းဆိုသူ ပိုမိုများပြားခဲ့သည့်အတွက် လက်ရှိတွင် မဲဆန္ဒရှင်ဦးရေမှာ ၄၆၉၅၂၇၇ ဦးရှိရာ ပထမအကြိမ် ကြေညာပေးခဲ့သည့် မဲဆန္ဒရှင်ဦးရေထက် ၁၁၆၄၆၄ ဦး ပိုမိုများပြားလာသဖြင့် မဲရုံပေါင်း ၅၄၄၆ ရုံ တိုးချဲ့ဖွင့်လှစ်ရန် လျာထားကြောင်း သိရသည်။

"ပထမအကြိမ် မဲစာရင်းကြေညာပေးစဉ်မှာ နိုင်ငံတကာကို သွားရောက်လုပ်ကိုင်နေကြတဲ့ ပြည်သူတွေက ကိုဗစ်ရောဂါကြောင့် ပြန်လာကြတဲ့အပြင် တချို့ကလည်း ပထမအကြိမ် မဲစာရင်းကောက်ယူစဉ်ကတည်းက အမည်စာရင်း မပါခဲ့တာရှိပါတယ်။ ဒီလူတွေက မဲဆန္ဒရှင်စာရင်းမှာ ပါဝင်ချင်ကြတဲ့အတွက် ပုံစံ-၃ နဲ့ အမည်စာရင်း ဖြည့်စွက်တောင်းဆိုလာကြလို့ အခုလို တစ်သိန်းကျော် ပိုပြီးများလာတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ပထမအကြိမ်က မဲစာရင်းတွေရဲ့ ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းတွေကို ဩဂုတ် ၃၀ ရက်မှာ အပြီး ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် ဒုတိယအကြိမ် မဲစာရင်းကြေညာဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာမယ့် ရက်ကို ညွှန်ကြားပေးမှာပါ။ ဒုတိယအကြိမ် မဲစာရင်းကြေညာလို့ ၁၄ ရက် ကပ်ထားရင်လည်း လာရောက်ကြည့်ရှုပြီး ပြင်ဆင်ခွင့်ပေးထားပါတယ်။ အဲဒီအချိန်မှာလည်း ထပ်ပြီးအစုလိုက်အပြုံလိုက်ကျန်ခဲ့လို့ရှိရင် ရွေးကောက်ပွဲကျင်းပဖို့ ၇ ရက်အလိုအထိ သက်ဆိုင်ရာ ခရိုင်ကော်မရှင်ရုံးတွေမှာ နောက်ဆက်တွဲမဲစာရင်းအနေနဲ့ ပြင်ဆင်တောင်းဆိုခွင့်ရှိပါတယ်။ မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့လည်း မဲစာရင်းကို လာရောက်ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်လောင်းတွေကို မိမိကိုယ်တိုင် ရွေးချယ်ပေးရမှာဖြစ်တဲ့အတွက် မပျက်မကွက် မဲပေးကြဖို့ တိုက်တွန်းလိုပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လွှတ်တော် သုံးရပ်နှင့် ရှမ်းတိုင်းရင်းသား မဲဆန္ဒနယ်တစ်ရပ် စုစုပေါင်း မဲဆန္ဒနယ် ၉၅ နယ်မြေတွင် နိုင်ငံရေးပါတီ အသီးအသီးနှင့် တစ်သီးပုဂ္ဂလတို့မှ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်း ၅၄၁ ဦး၏ အမည်စာရင်းများကို ဩဂုတ် ၃၀ ရက်က ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကိုဗစ်-၁၉ သတင်းနှင့် ထုတ်ပြန်ချက်

❂ ကိုဗစ်-၁၉ ရောဂါမှ

၂။ (၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၉၉၅) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case-390, 393) ရှိသဖြင့် စုစုပေါင်း (၃၅၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၄၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၁) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများ ပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြု လူနာသစ်များ၏ သတင်း အချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

(၂-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၄၀၈) ခုအနက် အတည်ပြုလူနာ (၅၇) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံမြို့နယ် | ၂ |
| | | မြင်းခြံမြို့နယ် | ၁ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၄၅ |
| | | ကျောက်တော်မြို့နယ် | ၂ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| | | မြောက်ဦးမြို့နယ် | ၂ |
| ၃ | မွန်ပြည်နယ် | မုဒုံမြို့နယ် | ၁ |
| | | မော်လမြိုင်မြို့နယ် | ၁ |
| | | ကျိုက်ထိုမြို့နယ် | ၁ |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၄၀) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉၆) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မုဆယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇)ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လှိုင်ကော်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၅၇) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ဒုတိယအသုတ် ) ဓာတ်ခွဲနမူနာ (၅၆၈)ခု နှင့်
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ဒုတိယအသုတ် ) ဓာတ်ခွဲနမူနာ (၁၂၀) ခု
- စုစုပေါင်း (၆၈၈)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ဓာတ်ခွဲနမူနာ (၁,၃၁၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၂၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- • စုစုပေါင်း (၂,၄၄၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁) ဦး တွေ့ရှိရပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၂) ဦး တွေ့ရှိကြောင်းအား (၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၉၃၈) ဦးရှိပြီ ဖြစ်ပါသည်။

၄။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်း အချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

(၁-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၆၈၈) ခု အနက် ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ်* | ၃ |
| | | ဒေါပုံမြို့နယ် | ၂ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၁ |
| | | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | ၁ |
| | | သန်လျင်မြို့နယ် | ၁ |
| | | မှော်ဘီမြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| ၂ | ကချင်ပြည်နယ် | မြစ်ကြီးနားမြို့နယ်** | ၂ |
| ၃ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီးမြို့နယ်** | ၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည်မြို့နယ်** | ၁ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူမြို့နယ် | ၁ |
| ၆ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | လားရှိုးမြို့နယ်** | ၁ |

* တစ်ဦးသည်ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသည်။

** ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်၍ ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၈) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ဒုတိယအသုတ်)စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၉) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၉) ဦး | (၉၃၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




## ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက အဝတ်နှာခေါင်းစည်း ချုပ်လုပ်ခြင်း သင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်သော အဝတ်နှာခေါင်းစည်း ချုပ်လုပ်ခြင်းသင်တန်းဖွင့်ပွဲကို ယမန်နေ့က တောင်ကြီးမြို့ရှိ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ရုံး၌ ကျင်းပသည်။

အဆိုပါ အဝတ်နှာခေါင်းစည်းချုပ်ခြင်းသင်တန်း (ပထမအသုတ်)သို့ သင်တန်းသူ ငါးဦး တက်ရောက်ကြပြီး ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ ယခုသင်တန်းမှ ချုပ်လုပ်သည့် အဝတ်နှာခေါင်းစည်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ကြက်ခြေနီစေတနာ လုပ်အားရှင်များအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းအောင်(MRCS)

# လိုအပ်ချက်မရှိစေရန် ပံ့ပိုးပေးသွားမည်



**ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြမည်ဟု ယုံကြည်ပါကြောင်း၊ ယင်းမှာ အင်အားပင်ဖြစ်ပါကြောင်း၊ နိုင်ငံမချမ်းသာသော်လည်း မိမိတို့ပြည်သူများ၏ ရက်ရောသည့် စိတ်ဓာတ်သည် များစွာချမ်းသာပါကြောင်း၊ အရေးကြီးလျှင် သွေးစည်းလိုသည့် စိတ်ဓာတ်၊ ဝိုင်းဝန်းကူညီပံ့ပိုးလိုကြသည့် စိတ်ဓာတ်ရှိသည့်အတွက် ငွေကြေးအနေဖြင့် လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုတစ်စိတ်တစ်ပိုင်း ကျန်းမာရေးအတွက် လိုအပ်ချက်မရှိစေရန် ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း။**

(Coronavirus Disease 2019 – COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# စက်တင်ဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၆ ဦးထပ်မံတွေ့ရှိ

**နေပြည်တော်  စက်တင်ဘာ  ၂**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၇၆ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၉၅ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၉၉၅ ဦးအနက် သေဆုံးသူခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၉ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၄၈ ဦးနှင့် စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၈၁ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၇၈၄၃ | ၉၉၅ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၆၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၄၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၄၆၆ | |
| ၂ | ရန်ကုန် | ၄၂၁ | ၅ |
| ၃ | မွန် | ၁၉ | |
| ၄ | ချင်း | ၁၉ | |
| ၅ | ပဲခူး | ၁၅ | ၁ |
| ၆ | မန္တလေး | ၁၀ | |
| ၇ | စစ်ကိုင်း | ၁၀ | |
| ၈ | ရှမ်း(တောင်) | ၆ | |
| ၉ | ကရင် | ၆ | |
| ၁၀ | တနင်္သာရီ | ၆ | |
| ၁၁ | မကွေး | ၄ | |
| ၁၂ | ရှမ်း(မြောက်) | ၃ | |
| ၁၃ | နေပြည်တော် | ၃ | |
| ၁၄ | ရှမ်း(ရှေ့) | ၃ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | ဧရာဝတီ | ၂ | |
| စုစုပေါင်း | | ၉၉၅ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန  ၂-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၂၅၉၉၉၂ | ၃၄၉၇၈၇၃ | ၁၈၈၉၆၁ |
| ၂။ | ဘရာဇီး | ၃၉၅၂၇၉၀ | ၃၁၅၉၀၉၆ | ၁၂၂၆၈၁ |
| ၃။ | အိန္ဒိယ | ၃၇၉၄၃၁၄ | ၂၉၂၀၁၂၂ | ၆၆၆၇၈ |
| ၄။ | ရုရှား | ၁၀၀၅၀၀၀ | ၈၂၁၁၆၉ | ၁၇၄၁၄ |
| ၅။ | ပီရူး | ၆၅၇၁၂၉ | ၄၇၁၅၉၉ | ၂၉၀၆၈ |
| ၆။ | တောင်အာဖရိက | ၆၂၈၂၅၉ | ၅၄၉၉၉၃ | ၁၄၂၆၃ |
| ၇။ | ကိုလံဘီယာ | ၆၂၄၀၆၉ | ၄၆၉၅၅၇ | ၂၀၀၅၂ |
| ၈။ | မက္ကဆီကို | ၆၀၆၀၃၆ | ၄၂၁၃၇၃ | ၆၅၂၄၁ |
| ၉။ | စပိန် | ၄၇၀၉၇၃ | စိစစ်ဆဲ | ၂၉၁၅၂ |
| ၁၀။ | အာဂျင်တီးနား | ၄၂၈၂၃၉ | ၃၁၅၃၃၀ | ၈၉၇၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၂၆၄၄၀ | ၁၅၈၆၁၀ | ၃၆၂၃ |
| ၂။ | အင်ဒိုနီးရှား | ၁၈၀၆၄၆ | ၁၂၉၉၇၁ | ၇၆၁၆ |
| ၃။ | စင်ကာပူ | ၅၆၉၀၁ | ၅၅၇၄၉ | ၂၇ |
| ၄။ | မလေးရှား | ၉၃၆၀ | ၉၀၇၉ | ၁၂၈ |
| ၅။ | ထိုင်း | ၃၄၂၅ | ၃၂၇၄ | ၅၈ |
| ၆။ | ဗီယက်နမ် | ၁၀၄၆ | ၇၄၆ | ၃၄ |
| ၇။ | မြန်မာ | ၉၉၅ | ၃၅၉ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၄ | ၂၆၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၂ | ၂၁ | ၀ |

**ကိုရိုနာဗိုင်းရပ်စ် (COVID– 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀)နာရီ

၁။ (၁-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် စုစုပေါင်း (၂,၄၄၁)ခု အား စစ်ဆေးပြီးစီးခဲ့ပြီး

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁) ဦး တွေ့ရှိခဲ့ရပါသည်။ (အဆိုပါသတင်းများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၂။ (၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၉၃၈) ဦးရှိပြီ ဖြစ်ပါသည်။

၃။ အဆိုပါလူနာများ၏ အချက်အလက်များကို ပူးတွဲပါ ဇယားများဖြင့် ဖော်ပြအပ်ပါသည်။

**(၁-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**(၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *888 | ၃၀ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 889 | ၆၄ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး လှိုင်သာယာ) |
| *890 | ၁၅ နှစ် | မ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဝေါမြို့နယ်) |
| *891 | ၂၃ နှစ် | မ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဝေါမြို့နယ်) |
| *892 | ၃၆ နှစ် | မ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဝေါမြို့နယ်) |
| 893 | ၃၂ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-701) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တံတား မြို့နယ်) |
| 894 | ၃၄ နှစ် | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-701) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တံတား မြို့နယ်) |
| 895 | ၂၄ နှစ် | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-701) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တံတား မြို့နယ်) |
| 896 | ၂၇ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-701) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တံတား မြို့နယ်) |
| *897 | ၃၁ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *898 | ၂၉ နှစ် | မ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဝေါမြို့နယ်) |
| *899 | ၇ နှစ် | မ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဝေါမြို့နယ်) |
| 900 | ၄၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ဆေးရုံကြီး) |
| 901 | ၅၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ဆေးရုံကြီး) |
| *902 | ၂၈ နှစ် | ကျား | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ဆေးရုံကြီး) |
| 903 | ၃၁ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ဆေးရုံကြီး) |
| 904 | ၅ လ | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ရန်ကုန်ကလေး ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ကလေး ဆေးရုံကြီး) |
| 905 | ၄၇ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး) |
| 906 | ၃၉ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | နိုင်ငံခြားသို့ သွားရောက်ရန် ကျန်းမာရေး စစ်ဆေးခြင်း |
| *907 | ၃၂ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တပ်မတော်အသည်း ရောဂါကု အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *908 | ၂၃ နှစ် | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| *909 | ၁၄ နှစ် | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| *910 | ၁၅ နှစ် | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| 911 | ၃၃ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650, 660) | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 912 | ၁၇ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | ရောဂါကူးစက်နိုင်ခြေများသော အုပ်စုအား စစ်ဆေးခြင်း ဖြစ်ပါသည်။ |
| 913 | ၁၉ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | ရောဂါကူးစက်နိုင်ခြေများသော အုပ်စုအား စစ်ဆေးခြင်း ဖြစ်ပါသည်။ |
| 914 | ၁၈ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | ရောဂါကူးစက်နိုင်ခြေများသော အုပ်စုအား စစ်ဆေးခြင်း ဖြစ်ပါသည်။ |
| 915 | ၂၆ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | ရောဂါကူးစက်နိုင်ခြေများသော အုပ်စုအား စစ်ဆေးခြင်း ဖြစ်ပါသည်။ |
| 916 | ၃၀ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 917 | ၅၇ နှစ် | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 918 | ၃၁ နှစ် | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 919 | ၂၃ နှစ် | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 920 | ၃၄ နှစ် | ကျား | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 921 | ၂၅ နှစ် | ကျား | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 922 | ၁၉ နှစ် | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 923 | ၆၅ နှစ် | ကျား | ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 924 | ၂၇ နှစ် | ကျား | တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| 925 | ၂၄ နှစ် | မ | တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| 926 | ၂၄ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| 927 | ၂၆ နှစ် | ကျား | မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| 928 | ၂၀ နှစ် | ကျား | လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| *929 | ၆၀ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်္ဂလာတောင်ညွန့် မြို့နယ်) |
| *930 | ၇၃ နှစ် | ကျား | ဒဂုံမြို့သစ် (အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်) |
| *931 | ၃၂ နှစ် | ကျား | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (သန်လျင်မြို့နယ်) |
| 932 | ၂၃ နှစ် | မ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| 933 | ၂၂ နှစ် | ကျား | မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | မရှိ | ရှိ (ဖိလစ်ပိုင်) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |
| *934 | ၁၉ နှစ် | ကျား | မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| *935 | ၃၅ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| *936 | ၅၂ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဗိုလ်တထောင် မြို့နယ်) |
| *937 | ၅၅ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ ( တာမွေမြို့နယ်) |
| *938 | ၅၅ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ ( တာမွေမြို့နယ်) |

*ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## နေပြည်တော် ရှစ်မြို့နယ်၌ နှာခေါင်းစည်း ၁၄၀၀၀၀ ဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၂

Naypyitaw Covid-19 Volunteer Team (NCVT) က နေပြည်တော် ရှစ်မြို့နယ်၌ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ဈေးများ၊ လမ်းများနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် နှာခေါင်းစည်း ၁၄၀၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့က နေပြည်တော် ရှစ်မြို့နယ်ရှိ ဈေးများအပါအဝင် လူစည်ကားရာ နေရာများ၌ အများပြည်သူတို့အား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးရာတွင် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငွေကြယ်


သင့်နေအိမ် အခန်းပုံစံများကို စိတ်ကြိုက် ဒီဇိုင်း ၊ စိတ်ကြိုက် ဈေးနှုန်းများဖြင့် သင့်စိတ်တိုင်းကျ တပ်ဆင်ပေးသွားမည်
CUSTOMIZED FURNITURE
" စတင်တိုင်းတာသည့်နေ့မှ ရက် (၁၄) ရက်အတွင်း ပရိဘောဂများအား အပြီးအစီး တပ်ဆင် ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။"
(PACKAGE - A) 16' x 50'
TOTAL : 6,387,000 Kyat
SWEETY HOME
အခမဲ့အိမ်တိုင်ရာရောက်
- တိုက်ခန်းတိုင်းတာပေးခြင်း။
- အခမဲ့ ဒီဇိုင်းဆွဲပေးခြင်း။
- ခန့်မှန်းဈေးနှုန်းတွက်ချက်ပေးခြင်း။
(PACKAGE - C) 12' x 50'
TOTAL : 3,901,000 Kyat
"(၁) နှစ် အာမခံ နှင့်အတူ ကျပ် သိန်း (၃၀) မှ သိန်း (၆၀) ထိ တစ်အိမ်လုံးစာ ပရိဘောဂများဖြင့် သင့်စိတ်တိုင်းကျ ခန်းဆောင်မှုပေးနေပါပြီ..."
HOT LINE : 09 977001325 , 09 940787904, 09 971111418 , 09 254892255

SEVEN ၀ံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်းအရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
09 - 33 333 511
09 - 33 333 514

**အမည်ပြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ င/ ရပ်ကွက်၊ သန္တာ(၁၁)လမ်း၊ အမှတ် (၁၁၀)နေ အဘဦးသိန်းအေး [၁၂/ ဥကမ(နိုင်) ၁၄၀၆၈၀]၏သမီး မမြတ်တင့်ဆွေအား မဇူလိုင်မိုးဟုအမည်ပြောင်းလဲခေါ်ပါရန်။ **မဇူလိုင်မိုး**

Air-con အဟောင်းအသစ်
အလဲအထပ်လုပ်ပေးခြင်းနှင့်
အဟောင်းအပျက်များကို
ဈေးကောင်းပေးဝယ်သည်။
Ph:09-445063969

GW 0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။
၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း
09401605559
စမ်းချောင်း 253260110

## မတည်ငွေရင်းလျှော့ချပြီးကြောင်းကြေညာခြင်း

နေအောင်စည်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၁၉-၈-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေရင်းအားလက်ရှိ အစုရှယ်ယာ (၅၀၀) စု တန်ဖိုး ကျပ် သိန်း ၅၀၀ မှ အစုရှယ်ယာ (၂၀၀) စု ကျပ်သိန်း ၂၀၀ သို့ လျှော့ချပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**နေအောင်စည်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၅၀၉၉၄၄၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

[illegible]

**ဒေါ်စုမြတ်မောင် (LL.B)** ၊ (စဉ်-၁၆၅၅၄)
တရားလွှတ်တော်ရှေ့နေ

servicesmya.com Real Estate Company Limited,
www.servicesmya.com website
facebook.com/servicesmya.com Page

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၃၁၊ မြေကွက်တည်နေရာအမှတ်(၃၁)၊ ခြံ(၁)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်အက်စ်အေဘီအေဘရှူး၊ အက်စ်အေအက်စ်အာတင်ဂါ အမည်ပေါက် L(သက်ကုန်) မြေအား အမည်ပေါက် (၂)ဦးထံမှ အရပ်အရောင်းစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းထံမှ တစ်ဆင့် ထပ်မံဝယ်ယူခဲ့သူ ဦးတင်လှမှ (တရားလို)ပြုလုပ်၍ အမည်ပေါက်(၂)ဦးနှင့် ဦးသိန်း၏ သား/သမီးဖြစ်သော ဦးမြမောင်၊ ဒေါ်လှခင်၊ ဒေါ်ဘေဘီ၊ ဒေါ်သန်းသန်း တို့ကို (တရားပြိုင်)ထားကာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် သဃ်န်းကျွန်းမြို့နယ် တရားရုံးတွင် စွဲဆိုသော တရားမကြီးမှုအမှတ်(၁၁/၂၀၁၆)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၅/၂၀၁၆)၏ အမိန့်၊ (၁၄-၇-၂၀၂၀) ရက်စွဲပါ တရားရုံးဘီလစ်ခန့်စာ၊ သက်ကုန်ဂရန်တို့တင်ပြ၍ ဘီလစ် ဦးထွန်းထွန်းအောင် [၉/မလန(နိုင်)၀၉၅၇၆၈]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ်တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာရေးရာအမှတ် ၁၆ ထွက်ရှိ




သုံးလတစ်ကြိမ်ထုတ် မြန်မာရေးရာ (Myanmar Affairs) အမှတ် ၁၆၊ ဩဂုတ်လ ၂၀၂၀ ထွက်ရှိလာသည်။

ယခုစာစောင်တွင် 'ရွေးကောက်ပွဲနှင့် မြန်မာ့ဒီမိုကရေစီခရီး' ကို အထူးကဏ္ဍ ဖော်ပြထားသည်။ အေးမောင်ကျော်၏ ရွေးကောက်ပွဲနှင့် မြန်မာ့အပြောင်းအလဲ၊ မိုးဇော်ဦး၏ အသွင်သစ် ရွေးကောက်ပွဲ၊ ဇင်လင်း၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို စိန်ခေါ်နေသော ပြဿနာများ၊ ရဲထွန်း(သီပေါ)၏ ရွေးကောက်ပွဲ တရားမျှတရေးနှင့် ပြိုင်ပွဲဝင်သူများ၏ အခန်းကဏ္ဍ၊ ဖေ့စ်ဘွတ် ညွှန်ကြားရေးမှူးပြောသော အမုန်းစကားနှင့် မြန်မာ့ရွေးကောက်ပွဲ၊ ကြည်မင်းသူ၏ သမိုင်းထဲမှ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၏ ဒီမိုကရေစီစနစ်နှင့်ရွေးကောက်ပွဲ၊ ထူးကျော်ဝင်း၏ ရွေးကောက်ပွဲ ဒီမိုကရေစီနှင့် သုံးပွင့်ဆိုင် အခင်းအကျင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သတင်း ပြန်ကြားရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းချက်တို့ ပါဝင်သည်။

အခြားဖတ်စရာများတွင် ဒလဘန်း၏ ကျွန်တော်အမှတ်ရနေသော ဗိုလ်ချုပ်၊ ဒေါက်တာ ဇော်စိုးမင်း၏ ဒိုင်အာခီရဲ့ ပထမအကြိမ် မင်းတိုင်ပင်ကောင်စီ၊ ကျော်လင်းဦး၏ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုဆိုသည်မှာ၊ ဒေါက်တာမြင့်ဆန်း၏ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ရဲမြင့်ကျော်၏ အာဆီယံနိုင်ငံတွေကို ဖိအားပေးလာတဲ့ အမေရိကန်နဲ့ တရုတ်၊ ဒေါက်တာအောင်ကြီး၏ စာဖတ်သူတစ်ဦး၏ ခရီး၊ နီမော်၏ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် သက်ရောက်မှု ပိုပြင်းထန်သည့် Covid-19 စသည့် ဆောင်းပါးများ ပါဝင်သည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ်၊ ကမ္ဘာရေးရာကို နှစ်လ တစ်ကြိမ်၊ တိုင်းရင်းသားရေးရာကို လေးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်း မှာယူလိုသူများအတွက် ရုံးစာပေ၊ အမှတ် ၂၁၂၊ ၃၁ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှ တစ်ဦးချင်း မှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်း စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များသို့ နေ့ချင်းအရောက် ပေးပို့သွားမည်။ စာပေဗိမာန် အရောင်းဆိုင်များ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် (ရန်ကုန်) တို့တွင်လည်း ဝယ်ယူနိုင်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ဖုန်း - ၀၁၈ ၃၈၇၅၆၈**
**ရုံးစာပေဖုန်း - ၀၁ ၃၈၅၅၉၇ ၊ ၀၉ ၇၃၂၀၃၀၃၂**
**တိုးမြစ်စာအုပ်တိုက် - ၀၉၄၅၀၁၀၀၇၄၂**
**Email: duwunsarpay31apperst@gmail.com; myanmaaffaris@gmail.com**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ရန်ကုန်ဆိပ်ကမ်း၊ သီလဝါ မြေကွက်အမှတ်(၂၂)နှင့် (၂၃)တို့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တရားဝင်ပိုင်ဆိုင်သည့် မြေကွက်များဖြစ်ကြောင်း မည်သူမျှ လွှဲပြောင်းခြင်းမပြုကြရန် သတိပေးကြေညာခြင်း

ရန်ကုန်ဆိပ်ကမ်း၊ သီလဝါမြေကွက်အမှတ်(၂၂)နှင့် (၂၃)တို့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တရားဝင်ပိုင်ဆိုင်သည့် အစိုးရပိုင် ဥပစာမြေကွက်များဖြစ်ပါသည်။ ဖော်ပြပါ အစိုးရပိုင်ဥပစာမြေကွက်များကို မည်သူမျှလွှဲပြောင်းခွင့်မရှိပါ။ ဖော်ပြပါ အစိုးရပိုင်ဥပစာမြေကွက်များကို လွှဲပြောင်းခြင်းပြုပါလျှင် ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၉ (၁)ပါ ပြဋ္ဌာန်းချက်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရမည်ဖြစ်သည့်ပြင်၊ ယင်းအက်ဥပဒေ ပုဒ်မ ၃ပါ ပြဋ္ဌာန်းချက်အရ ဖယ်ရှားသိမ်းယူခံရမည်လည်းဖြစ်ပါသည်။ သို့ဖြစ်၍ ဖော်ပြပါ အစိုးရပိုင် ဥပစာမြေကွက်များဖြစ်သည့် **"သီလဝါ မြေကွက်အမှတ်(၂၂)နှင့် (၂၃)"**တို့ကို လွှဲပြောင်း ရောင်းဝယ် ခြင်းတစ်စုံတစ်ရာ ရောင်းမှားဝယ်မှား မပြုလုပ်မိကြစေရန် သတိပေးကြေညာလိုက်သည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# NIPPON PAINT

# Asia No.1
## Largest Paint Company
Max & Atom Color Card အသစ်မိတ်ဆက်ခြင်း




Nippon Paint, " Asia No.1 Largest Paint Company " မှ MAX အမည်ရှိ (အတွင်း) ဆေးသား နှင့် ATOM အမည်ရှိ (အပြင်) ဆေးသား ဆိုးသုတ်ဆေး နှစ်မျိုးကို သုံးစွဲသူများ အကောင်းဆုံး အရည်အသွေး ရေရှည်ခံနိုင်မှုအားကောင်းပြီး လယ်ယ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ထုတ်လုပ် ရှားပြီး ထုတ်လုပ်ထားပါသည်။ ဤဆိုးသုတ်ဆေးနှစ်မျိုးမှာ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီအောင် အထူးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ ယခုအခါ သုံးစွဲသူ (CUSTOMERS) များ အရောင်ရွေးချယ်မှု ပိုမိုအဆင်ပြေစေရန် အလို့ငှာ MAX နှင့် ATOM COLOR CARD VERSION အသစ်များ ထုတ်လုပ်ထားပြီးဖြစ်ပါ၍ VERSION အဟောင်းများ ဆက်လက်အသုံးမပြုကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ(၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အတူ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၇ ဦး တွေ့ရှိပြီး စုစုပေါင်း အတည်ပြုလူနာ ၉၉၅ ဦး ရှိပြီဖြစ်

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၈၄၀)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၉၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၅၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၇)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၆)ခု
- စုစုပေါင်း (၁၄၀၈)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၇) ဦး တွေ့ရှိရပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅၇) ဦး | (၉၉၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂

## ကြေးမုံ ယနေ့ဖတ်စရာ

**International Army Games-2020 Tank Biathlon ပစ်ခတ်ခြင်းပြိုင်ပွဲတွင် မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ အကြိုဗိုလ်လုပွဲ၌ ပထမရရှိသဖြင့် ဗိုလ်လုပွဲ ဆက်လက်တက်ရောက်**

စာမျက်နှာ » ၇

**အာဖရိက၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၁ ဒသမ ၂၅ သန်းအထိရှိလာ**

စာမျက်နှာ » ၁၂

# မြန်မာအသင်းယှဉ်ပြိုင်နေသည့် အာရှအဆင့်ပြိုင်ပွဲများကို Asian Cup ပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပမည်



**ရန်ကုန် စက်တင်ဘာ ၂**

အာရှဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်မှ စတင်ကာ အာရှအဆင့်ပြိုင်ပွဲများကို အဆင့်မြှင့်တင်ပြီး Asian Cup ပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း ကျင်းပနိုင်ခြင်းမရှိသည့် ပြိုင်ပွဲများကိုလည်း လာမည့်နှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး အချို့ပြိုင်ပွဲများကို သက်တမ်းတစ်နှစ်တိုး၍ ကျင်းပမည်ဖြစ်သည်။

**ပြောင်းလဲကျင်းပမည်**

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခင်ကတည်းက Asian Cup ပြိုင်ပွဲအမည်ဖြင့် ကျင်းပနေသည့် လက်ရွေးစင်အဆင့် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများကို Asian Cup ပြိုင်ပွဲအမည်များဖြင့် ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် လာမည့်နှစ်မှစတင်ကာ အာရှ ယူ-၁၆ ပြိုင်ပွဲကို AFC U-17 Asian Cup ပြိုင်ပွဲ၊ အာရှ ယူ-၁၉ ပြိုင်ပွဲကို AFC U-19 Asian Cup ပြိုင်ပွဲ၊ အာရှ ယူ-၂၃ ပြိုင်ပွဲကို AFC U-23 Asian Cup ပြိုင်ပွဲ၊ အာရှ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲကို AFC U-17 Women's Asian Cup ပြိုင်ပွဲ၊ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို AFC U-20 Women's Asian Cup ပြိုင်ပွဲ၊ အာရှဖူဆယ်ပြိုင်ပွဲကို AFC Futsal Asian Cup ပြိုင်ပွဲ၊ အာရှအမျိုးသမီး ဖူဆယ်ပြိုင်ပွဲကို AFC Women's Futsal Asian Cup ပြိုင်ပွဲ၊ အာရှ ယူ-၂၀ ဖူဆယ်ပြိုင်ပွဲကို AFC U-20 Futsal Asian Cup ပြိုင်ပွဲ၊ အာရှသဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို AFC Beach Soccer Asian Cup ပြိုင်ပွဲအမည်များဖြင့် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ရှိုင်းထက်ဇော်